မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု

နန်းတဲကျေးရွာ

# ကျေးရွာလက်စွဲစာအုပ်

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ လ (     )ရက်

# မှတ်တမ်းတင် ဂုဏ်ပြုလွှာ

တစ်မျိုးသားလုံး ၏ လူမှုစီးပွား တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ပြည်သူတို့၏ လိုအပ် ချက်နှင့်အညီ ပြည်သူ ဗဟိုပြု ဖွံ့ဖြိုးမှု (People Centred Development) ရရှိစေရန် စီးပွားရေးမူဝါဒ (၄)ရပ် ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေး နှင့် ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွား နယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယား ကိန်းဂဏန်းများ တိကျ မှန်ကန်ရေး တို့အပြင် ဆင်းရဲမွဲတေမှု လျော့နည်း ကျဆင်းရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်ရေး၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေး စသည့် လူမှုစီးပွားရေး၊ နိုင်ငံရေး နှင့် အုပ်ချုပ်ရေး မူဝါဒ များနှင့်အညီ အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ထို့အပြင် စားနပ်ရိက္ခာဖူလုံရေး၊ စက်မှုလယ်ယာဖွံ့ဖြိုးမှုနှင့် ပို့ကုန်တိုးတက်ရေး၊ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးရေး၊ သစ်တောသယံဇာတ ထိန်းသိမ်း ရေး နှင့် သစ်အခြေခံ စက်မှု လုပ်ငန်း ထူထောင်ရေး၊ ရွှံ့အင်သစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ ရွှံ့အင်ဖွံ့ဖြိုးရေး၊ လုပ်ငန်းတိုင်း အတွက် လျှပ်စစ်၊ ကျေးရွာတိုင်းအတွက် လျှပ်စစ်ရရှိရေး၊ သဘာဝ ပတ်ဝန်း ကျင်နှင့် လူမှုရေးထိခိုက်မှုကင်းသည့် သတ္တုသယံဇာတ ထုတ်လုပ်မှု ဖြစ်ထွန်းရေး၊ မြို့ပြများ ဖြစ်ထွန်းရေး နှင့် ခေတ်မီ လမ်းတံတားများ ဖြစ်ထွန်း ပေါ်ပေါက်ရေး၊ အာဆီယံဒေသတွင်း ယှဉ်ပြိုင်နိုင်သည့် စက်မှု လုပ်ငန်းများ ပေါ်ပေါက်ရေး၊ ကျွမ်းကျင်မှုနှင့်ဖန်တီးနိုင်သော ပညာရေး စနစ် ဖြစ်ပေါ်ရေး၊လူတိုင်းအတွက် နေရာတိုင်း အတွက် ဆက်သွယ် ရေးစနစ် ပေါ်ပေါက်ရေး၊ ဆင်းရဲမှု လျှော့ချရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသား အမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ရေး၊ ငွေကြေးနှင့်ဘဏ္ဍာရေး ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်ထွန်းရေး၊ အမျိုးသား စာရင်း အင်းစနစ်များ ခိုင်မာကောင်းမွန်စေရေး လုပ်ငန်းစဉ်များကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ် သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်း ရပ်ဝန်း ဒေသတွင် တည်ရှိပြီး မြို့ (၂) မြို့၊ ရပ်ကွက် (၂၇) ရပ်ကွက် ၊ ကျေးရွာအုပ်စု (၃၄)အုပ်စု၊ ကျေးရွာ (၂၅၂) ရွာဖြင့် ဖွဲ့စည်း တည်ရှိပါသည်။ မြို့နယ် အတွင်း စိုက်ပျိုးရေ ရရှိရေး အနေဖြင့် အစိုးရဆည်/ ကန် (၆)ခု နှင့် ဒေသန္တရဖွံ့ဖြိုးရေး ဆည်/ကန် (၃)ခု၊ လျှပ်စစ်မြစ်ရေတင် (၄)ခု တည်ရှိပါသည်။ မြို့နယ်၏ (၁၀)နှစ် ပျမ်းမျှ မိုးရွာရက် (၄၁)

CamScanner

ရက်၊ မိုးရေချိန် (၂၅.၆၉) လက်မသာ ရှိ၍ ပူပြင်းခြောက်သွေ့သော ဒေသဖြစ်သဖြင့် နွေရာသီ ပူပြင်းသည့် အချိန်အချို့ ကျေးရွာများတွင် သောက်သုံးရေ ရှားပါးမှုများ တစ်ခါတစ်ရံ ကြုံတွေ့ရသည့် ဒေသဖြစ်ပါသည်။ မြို့ပြ ဒေသတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စက်ရေတွင်း (၁၂) တွင်း၊ ရေတိုင် (၂၂၅၇)ခု၊ ရေကန် (၁၁)ကန်တို့မှ ရေပေးဝေ ဖြန့်ဖြူးလျက်ရှိပြီး ပုဂ္ဂလိက စက်ရေတွင်း(၁၀၄၀)တွင်း၊ ရေတိုင် (၅၉၆)ခု၊ လက်တူးတွင်း (၃၀) တွင်းတို့မှ ရေဖူလုံစွာ ရယူသုံးစွဲလျက်ရှိပါသည်။ ကျေးလက်ဒေသတွင် စည်ပင်သာယာမှ စက်ရေတွင်း(၂၆)တွင်း၊ တုံကင်တွင်း(၆)တွင်း၊ မိုးရေလှောင်ကန်(၂၂)ကန် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပြီး စက်ရေတွင်း(၁၂)တွင်းနှင့် လက်ရှိ နှစ်တွင် စက်ရေတွင်း (၂၁)တွင်း အား သောက်သုံးရေ ရရှိရေး ကျေးရွာများတွင် ဆက်လက် ဆောင်ရွက်မည် ဖြစ်ပါသည်။ ပုဂ္ဂလိကများမှ ဆောင်ရွက်ထားမှု အနေဖြင့် စက်ရေတွင်း (၂၈၁)တွင်း၊ လက်တူးတွင်း (၁၄၅၃)တွင်း၊ ရေကန် (၇၆)ကန် နှင့် တုံကင်ရေတွင်း (၆၂၃၀) တွင်း ၊ အခြားအဖွဲ့အစည်းများမှ ဆောင်ရွက်ထားသည့် စက်ရေတွင်း (၁၀)တွင်း၊ လက်တူးတွင်း (၁၀)တွင်းနှင့် ရေကန်(၁၄) ကန်တို့မှ ရေရယူသုံးစွဲနိုင်ရန် ဆောင်ရွက် ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်၊ ဇွန်လ ကုန်အထိ မြို့နယ် လူဦးရေ (၂၉၄,၅၇၆)ဦး၊ မြို့ပြလူဦးရေ (၆၄,၂၉၆)ဦး၊ (၃၂.၁၁) ရာခိုင်နှုန်း နှင့် ကျေးလက်နေ လူဦးရေ (၂၀၀၂၈၀)ဦး၊ (၆၇.၉၉) ရာခိုင်နှုန်းနေထိုင်ကြပြီး ဆင်းရဲမှု ရာခိုင်နှုန်းအနေဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် မြို့နယ် လူဦးရေ၏ (၂၇) ရာခိုင်နှုန်းရှိပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မြို့နယ်လူဦးရေ၏ (၁၇) ရာခိုင်နှုန်း ဖြစ်ပေါ်ရန် မျှော်မှန်းထားပါသည်။ နိုင်ငံတော်မှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစီမံချက်အရ အောက်ပါလုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက် လျှက်ရှိပါသည် -

(က) လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊

(ခ) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊

(ဂ) ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(ဃ) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(င) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(စ) ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊

(ဆ) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး၊

(ဓ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အဆိုပါလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများ၊ လူမှုရေး အသင်း အဖွဲ့များ(NGO) ၊ နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များ (INGO) ပြည်သူများ ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပခုက္ကူမြို့နယ် အတွင်းရှိ ဌာနဆိုင်ရာများ၊ NGO, INGO အဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ကာ ကျေးလက်ဒေသဖွံ့ ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အောင်မြင်စွာ အကောင် အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

သို့ဖြစ်၍ ဤကျေးရွာ လက်စွဲစာအုပ်သည် ပခုက္ကူမြို့နယ်ရှိ လူဦးရေ(၃၂.၀၁) ရာခိုင်နှုန်း နေထိုင်သော မြို့ပေါ်ရပ်ကွက်နှင့် လူဦးရေ (၆၇.၉၉) ရာခိုင်နှုန်း မှီတင်းနေထိုင်သော ကျေးလက်ဒေသတို့၏ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပြည်သူဗဟိုပြုသော ချဉ်းကပ် လုပ်ဆောင်နည်း လမ်းစဉ်များဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေ ရရှိရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး၊ အလုပ်အကိုင် ရရှိရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးနှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စသည့် ဦးစားပေး လုပ်ငန်းများကို ရေတို၊ ရေရှည် လုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

၃၀/၆/၂၀၁၅

( မြင့်ခိုင်၊ ပ/၅၄၀၂ )

မြို့နယ်အုပ်ချုပ်ရေးမှူး

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ပခုက္ကူမြို့

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇွန် လ ၃၀ ရက်

## မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး စီးပွားရေး ပညာရေး အခြေအနေ အရပ်ရပ်တို့နှင့် သဘာဝဘေးအန္တရာယ်အတွေ့အကြုံများ၊ ထိခိုက်ခံရမှုများကို ရွာသူရွာသားတို့ ကိုယ်တိုင်ကျေးရွာအတွင်းစကားဝိုင်းဆွေးနွေးပွဲများ၌ ထုတ်ဖေါ်ထားခဲ့သောအကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး၄င်းအချက်အလက်များကိုအခြေခံ၍မိမိတို့ကျေးရွာတိုးတက်ဖွံ့ဖြိုးလာ စေရန်လိုအပ်ချက်များကိုသတ်မှတ်ဖော်ထုတ်ကာမည်ကဲ့သို့ရရှိအောင်ကြိုးဆောင်လုပ်ကိုင်နိုင်ကြမည် ဟူသောလိုအပ်ချက်များအကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအစဉ်ကိုရေးဆွဲကြခြင်းဖြစ်သော ကြောင့်မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကိုသတ်မှတ်ဖော်ထုတ်ထားသောအစီအစဉ်များဖြစ် သည်ဟုလည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်းစကားဝိုင်းနှင့်ဆွေးနွေးပွဲများပြုလုပ်ကာမှတ်တမ်းပြုစုသူများ မှာလည်း ဤကျေးရွာမှပင်ဖြစ်ကာယခုကဲ့သို့မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း ActionAid (INGO) အဖွဲ့မှသင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့်ကျေးရွာလက်စွဲစာအုပ်သည် သဘာဝဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင် ကာကွယ်ရမည်၊ ထိခိုက်မှုကိုမည်ကဲ့သို့လျှော့ချနိုင်သည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင် လာနိုင်ရန်လမ်းညွှန်မှုများကိုလည်း ပြုလုပ်နေပါသောကြောင့် - သဘာဝဘေးကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့တွင်ထိခိုက်ဆုံးရှုံးရမှုများကိုလျှော့နည်း သက်သာစေမည်လည်းဖြစ်ပါသည်။

ဤကဲ့သို့တစ်ရွာလုံး၏အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကိုတစ်နေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူဖတ်ရှု၍ သိရှိနိုင်ကာရေရှည်၌မိမိတို့၏တစ်ဦးချင်း၊ မိသားစုနှင့်တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက် အန္တရာယ်တို့ လျှော့နည်းကာ တစ်ရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစုတင်ပြအပ်ပါသည်။

ဦးအောင်မင်းနိုင်
ညှိနှိုင်းရေးတာဝန်ခံ
(အပူပိုင်းဇုံဒေသစီမံကိန်း)
အက်ရှင်အေဒ့်(မြန်မာ)

# မြေပုံများရေးဆွဲရခြင်း၏ရည်ရွယ်ချက်

လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများနေထိုင်ရာနေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီးဦးဆောင်နေသောနေအိမ်၊ မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအနေအထားများ။
- ကျေးရွာ၏စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့်သဘာဝအရင်းအမြစ်များ ရရှိမှုနှင့် အသုံးပြုနိုင်မှု။
- ကျေးရွာ၏တည်နေရာနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်စပ်လုပ်ကိုင်နေမှုများ၊ လူမှု/ စီးပွားအခြေအနေ။
- ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအားသတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်။

ရာသီခွင်ပြဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများကျရောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေမှုကိုသိရှိနိုင်ရန်။
- ကျေးရွာ၏ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တတ်သောလများ (မိုးကြီး၊ မိုးခေါင်၊ ရေရှား၊ မီးဘေး၊ စသည့်ဖြင့်) သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်။
- လူမှုရေးနှင့်ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့်ဝင်ငွေမမျှတမှုကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

CamScanner

## ကျေးရွာ၏ပြဿနာသစ်ပင်ရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏အခက်အခဲပြဿနာများဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်းအခက်များသဖွယ် ဖြာထွက်လာသောအကျိုးဆက်များနှင့်အသီးအပွင့်များ သဖွယ်ဖြစ်တည်လာသော နောင်ဆက်လက်ဖြစ်ပွားမည့် မျိုးစေ့နှင့် လက်ရှိပြဿနာ အသီးအပွင့်များကို သိရှိနားလည်လာပြီး ၎င်းပြဿနာသစ်ပင်ပေါက်ပွားမှုအား မျိုးသုဉ်းပျောက် ကွယ်သွားအောင် အမြစ်၊ အပင်၊ အကိုင်း၊ အသီးအပွင့်နှင့်မျိုးစေ့များကို ဖယ်ရှား သုတ်သင်နိုင်လာနိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ "ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်" ဟူသောအကြောင်း အကျိုးပြရှင်းလင်းအဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- "သတိမမူ ဂူမမြင်" ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲ များသည် သစ်ပင်သဖွယ်ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန် (သို့) သတိမူမိခဲ့သော်လည်း မဖြေရှင်းနိုင်လောက်အောင် ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာသိရှိကြပြီး တတ်သိပညာရှင်များနှင့် ပူးပေါင်းကာနည်းလမ်းရှာသုတ်သင်နိုင်လာစေရန်။
- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့် ပမာဏအားဖြင့် များပြားကြီးမားသော ကြောင့် တစ်ခုနှင့်တစ်ခုဆက်နွယ်ကာ ပိုမိုရှုပ်ထွေးသော ပြဿနာသစ်ပင်များစွာသည် ပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမိုဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- "သို့သော် အနာသိက ဆေးရှိသည်" ဟူသော လောကဓမ္မတာအတိုင်း အနာကိုအတိအကျ သိရှိလာနိုင်စေရန်နှင့် ပျောက်ကင်းအောင်ကုသရန် ဆေးညွှန်းကို တိကျစွာဖော်ထုတ်လာနိုင် စေရန်။

## ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်း အဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အတွေး အမြင်၌ မဖြစ်နိုင်ဟူသော သံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန် ကာ "လိုလျှင်ကြံဆနည်းလမ်းရ" ဟူသောဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေး တိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။

CamScanner

အိပ်မက်မြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- အိပ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်များကို မည်ကဲ့သို့မြင်တွေ့လိုပါကြောင်း ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သော အနာဂတ်မျှော်မှန်းချက်များ၏ ပုံသဏ္ဌာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများကိုယ်တိုင် ပုံဖော်ကြည့်မည့်အစီအစဉ်များအား အဓိကထား၍ မျှော်မှန်းကာအနာဂတ်ကို အလှပဆုံးနှင့် အဓိပ္ပါယ်အရှိဆုံးဖြစ်လာရန် ပဏာမခြေလှမ်းပင်ဖြစ်ပါတော့သည်။

ထူးခြားဖြစ်စဉ်ပြဇယားရည်ရွယ်ချက်

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့စေခဲ့သော ခုနှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက်အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကို သိရှိလာစေပြီး နောင်အခါတွင် ၎င်းအခက်အခဲမျိုးဖြစ်ပေါ်နိုင်ခြေကို သတိရှိသွား ပြီး ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ဆောင်နိုင်စေရန်။
- အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့် သဘာဝဘေးအန္တရာယ်ထိခိုက်ခဲ့ရမှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/သားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာရယူနိုင်ရန် နှင့်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် "အကောင်း" "အဆိုး" ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာရရှိစေရန်။
- အပူပိုင်းဇုံဒေသသည် မိုးခေါင်ခြင်း သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေ အခက်အခဲဖြစ်ရခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောအချက်သည် သာမန်ဖြစ်စဉ်ဟု အမြင်ရှိနေသော မျိုးဆက်သစ် အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်းကြုံဖူးသည်ဟူသော ထင်ရှားသောသတိပေးမှုကြောင့်ကြိုတင်ပြင်ဆင် ကာကွယ်ခြင်းနည်းလမ်းများကိုရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက်သွယ်ရေးမကောင်းရမှု၊ ပညာရေးနှောင့်နှေးရမှု၊ သတင်းဆက်သွယ်ရေးအခက်အခဲ စသည့်တို့သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ် စေနေသည့်ကို ထင်ရှားသိစေရန်။

- ၄င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသောလမ်းညွှန်ဆုံးမမှုအတိုင်း မိမိမသိသည်ကိုသိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းနိုင်သူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူကတာဝန်ယူကာဖြေရှင်းမည့်နည်းလမ်းများ ပေါ်ထွက်လာစေရန်။
- ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသောဝန်ထုတ် ဝန်ပိုးသည် ဆွဲအားအောက်သို့သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများ တည်းဟူသော မိုးပျံပူပေါင်းများက ဆွဲ မလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှား လျက် အထက်သို့ပေါ့ပါးစွာရန်းထွက် ပျံတက်သွားနိုင်ပုံကို ဥပမာတင်စား၍ ရှင်းလင်း အဖြေရှာတင်ပြခြင်းဖြင့်နားလည်စေခြင်း။
- "ဆင်းရဲမှု" နှင့် "ဆင်းရဲမှုမှလွတ်မြောက်မှု" အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟုခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

ဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက်သွယ်ရေးမကောင်းမှု၊ ပညာရေးနောက်ကျနေရမှု၊ သတင်းဆက်သွယ်ရေးခက်ခဲ စသည့်တို့သည် ဒေသဖွံ့ဖြိုးရေးများအပြင် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခြေအနေကို ဖြစ်ပေါ် စေနေသည်ကို ထင်ရှားသိစေရန်။

ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖေါ်ပြသ ရေးဆွဲရခြင်းရည်ရွယ်ချက်

- လက်တွေ့အကောင်အထည်ဖော်မည့်အစီအစဉ်သည် ကျေးရွာ၏ လိုအပ်ချက်များ ဦးစားပေးလုပ်ဆောင်ရန်အစီအစဉ်နှင့် အနာဂတ်ကျေးရွာအိပ်မက်များကို အမှန်တကယ်ရရှိလာနိုင်ရန်အတွက် တိကျသေချာသောတာဝန်ခွဲဝေမှုနှင့် မည်သို့လုပ်ဆောင်မည်၊ မည်သူကလုပ်ဆောင်မည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ကြမည် များကိုကျေးရွာသူ၊ သားများကို ကိုယ်တိုင်တာဝန်ခွဲဝေသတ်မှတ်ကြခြင်းဖြစ်ပါသည်။

အမျိုးသမီးဆိုင်ရာသုံးသပ်ချက် ရေးဆွဲရခြင်းရည်ရွယ်ချက်

- အမျိုးသမီးသက်ငယ်/သက်ကြီး(ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့၏ လူမှုရေး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းပြုစုနိုင်ပြီးအခက်အခဲများအားကျော်လွှားလာနိုင်ကာ မိသားစုနှင့် ရပ်ရွာကိုဦးဆောင်နိုင်မှု အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်။
- " ပုခက်လွှဲသောလက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်သော ခွန်အားနှင့် စွမ်းရည်အပြည့်အဝရှိသည်"ဆိုသည့် ဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာအသိအမှတ်ပြုလာနိုင်စေရန်။
- ကျား၊ မ တန်းတူညီမျှမှုရှိရေး ရပ်ရွာမှသိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှု ပပျောက်နိုင်ရန်၊ ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊ အဖေ၊ အဖိုး၊ ဦးရီးတို့နှင့်အတူတူပင် စွမ်းဆောင်ရည်များ ပြည့်ဝကြောင်း ထင်ရှားသိလာကြစေရန်။

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ လ(  )ရက်

ဤမှတ်တမ်းပါ အကြောင်းအရာအချက်အလက်များသည် ကျွန်တော်တို့ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာနားလည်သဘောပေါက်ခဲ့ရပြီး တိကျရှင်းလင်းသော အဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်ကိုယ်တိုင် ချမှတ်နိုင်ခဲ့ပါသည်။ မှတ်တမ်းတင်စာအုပ်ပါ အချက် အလက်များသည် ယခင်နှင့်ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန် သောနည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် တတ်သည့်ပညာရှင်များနှင့် လည်းကောင်း၊မိမိတို့ကျေးရွာအတွင်းရှိ ဌာနဆိုင်များနှင့် အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း ပိုမို၍အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်နိုင်လာ စေရန် လမ်းညွှန်ပြသနေသည်လည်းဖြစ်ပါသည်။

အထူးမှာ ------------------ယခုကဲ့သို့ ကျေးရွာသူ/ကျေးရွာသားများ စည်းလုံးညီညာစွာ တိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အမှားနည်းစွာဖြင့် ရေတိုရာ၊ရေရှည်ပါ ပို၍ထိရောက်အောင်မြင်မှာ မလွဲပါ။

ထို့ပြင် မှတ်တမ်းတင် ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာအကျိုးရှိအောင် ဖော်ထုတ်လုပ်ကိုင် ပေးကြသော ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အကျိုးဆောင်လူငယ်များနှင့် ကျေးရွာသူ/ကျေးရွာသားများ ကျေးရွာရပ်မိ/ရပ်ဖများ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တတ်သိပညာရှင်များပင် ဖြစ်ပါတော့သည်။

အုပ်ချုပ်ရေးမှူး၊
မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ
ပခုက္ကူမြို့နယ်

CamScanner

# ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ကွင်းဆင်းမှတ်တမ်း

ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၊ နေ့ရက် - ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်

၁။ **လူဦးရေ**

ကျား (၃၁၃) ဦး၊ မ (၃၈၄) ဦး၊ စုစုပေါင်း (၆၉၇) ဦး

၁၈ နှစ်အောက် ကျား (၆၈) ဦး၊ မ (၄၂) ဦး၊ စုစုပေါင်း (၁၁၀) ဦး

၁၈ နှစ်အထက် ကျား (၂၇၅) ဦး၊ မ (၃၁၂) ဦး၊ စုစုပေါင်း (၅၅၇၇) ဦး

၂။ **မြေသယံဇာတ**

လယ် ( ) ဧက၊ ယာ ( ၄၀၈ ) ဧက၊ ကိုင်းကျွန်း ( ၁၂၅ ) ဧက

ဥယျာဉ်ခြံမြေ (၂) ဧက၊ အခြား ( ) ဧက၊ စုစုပေါင်း ( ၅၃၃ ) ဧက

၃။ **လယ်လုပ်ငန်းသုံး ခိုင်းကျွဲ၊ နွားနှင့် စက်ကိရိယာ**

(က) ခိုင်းကျွဲ ( - ) ကောင်၊ ခိုင်းနွား ( ၂၂ ) ကောင်၊ စုစုပေါင်း ( ၂၂ ) ကောင်

(ခ) ထွန်စက်အကြီး ( ) စီး၊ လက်တွန်းထွန်စက် ( ) စီး

(ဂ) ချွေလှေ့စက် ( ) ခု၊ ကောက်ရိတ်ကိရိယာစသည့် ( ) ခု

(ဃ) အခြား ( )

၄။ **လူအင်အားအရင်းအမြစ်**

(က) **သင်ယူပြီးစီးမှု**

ဘွဲ့ရဦးရေ ( ၁၅ ) ဦး၊ ကောလိပ် + သိပ္ပံ ( ) ဦး

အခြေခံပညာပြီးစီးမှု ( ၁၀ တန်းအောင် ) ( ၅ ) ဦး

(ခ) **ပညာသင်ယူဆဲဦးရေ**

ဘွဲ့လွန် ( ) ဦး၊ ဘွဲ့ကြို ( ) ဦး၊ ကောလိပ် + သိပ္ပံ ( ၅ ) ဦး

အထက်တန်းအဆင့် ( ၁၇ ) ဦး၊ အလယ်တန်းအဆင့် ( ၂၀ ) ဦး၊ မူလတန်းအဆင့် (၈၄) ဦး

၅။ **လယ်ယာမြေပိုင်ဆိုင်မှု**

၂၀ ဧကအထက် ( ၁ ) ဦး၊ ၁၀ ဧကမှ ၂၀ ဧက ( ၅ ) ဦး၊ ၅ ဧကမှ ၁၅ ဧက ( ၂၀ ) ဦး

၅ ဧကအောက် ( ၃၀ ) ဦး၊ စုစုပေါင်း လယ်ယာမြေပိုင်ဆိုင်သူဦးရေ ( ၅၆ ) ဦး

၆။ **အသက်မွေးကျောင်း အမျိုးအစားအလိုက် လုပ်သားဦးရေ**

| | |
|---|---|
| (က) လယ်ယာလုပ်ငန်းလုပ်ကိုင်သူဦးရေ | ( ၅၆ ) ဦး |
| (ခ) မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | ( ၃၀ ) ဦး |
| (ဂ) ရေလုပ်ငန်းလုပ်ကိုင်သူဦးရေး | ( ) ဦး |
| (ဃ) သစ်တောထွက်ပစ္စည်းလုပ်ငန်းလုပ်ကိုင်သူဦးရေ | ( ၁ ) ဦး |
| (င) စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူဦးရေ | ( ) ဦး |

CamScanner

(စ) ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ( ၉ ) ဦး

(ဆ) သဲ ကျောက်စရစ် ထုတ်လုပ်သူဦးရေ ( ) ဦး

(ဇ) အခြားဝန်ဆောင်မှုလုပ်ငန်းများ (စက်ချုပ်/ဘီးဘာ/စက်ဘီး/ဆိုင်ကယ်ပြင် အစရှိသည်) ( ) ဦး

(ဈ) နိုင်ငံတော်အမှုထမ်းဝန်ထမ်းဦးရေ ( ၅ ) ဦး

(ည) မှီခို/အလုပ်လက်မဲ့ (၃၅) ဦး

(ဋ) အခြား ( ) ဦး

၇။ **ပညာရေး**

(က) ဆရာ/ဆရာမဦးရေ ( ၄ ) ဦး

(ခ) အတန်းအလိုက်ကျောင်းသား/သူဦးရေ

မူလတန်း ကျား ( ၈ ) ဦး မ ( ၉ ) ဦး စုစုပေါင်း ( ၁၇ ) ဦး
ပထမတန်း ကျား ( ၁၇ ) ဦး မ ( ၁၀ ) ဦး စုစုပေါင်း ( ၁၀ ) ဦး
ဒုတိယတန်း ကျား ( ၇ ) ဦး မ ( ၄ ) ဦး စုစုပေါင်း ( ၁၁ ) ဦး
တတိယတန်း ကျား ( ၈ ) ဦး မ ( ၁ ) ဦး စုစုပေါင်း ( ၉ ) ဦး
စတုတ္ထတန်း ကျား ( ၄ ) ဦး မ ( ၅ ) ဦး စုစုပေါင်း ( ၉ ) ဦး
စုစုပေါင်း ကျား ( ၃၄ ) ဦး မ ( ၃၀ ) ဦး စုစုပေါင်း ( ၆၄ ) ဦး

၈။ **ကျန်းမာရေး**

- ကျိုက်နုယ်ဆေးရုံ/ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ သားဖွား(၁)
- ဝန်ထမ်းဦးရေနှင့် တာဝန် သားဖွား(၁)

၉။ **လမ်းပန်းဆက်သွယ်ရေး**

- မြို့နှင့်အကွာအဝေး (မိုင်) ၇။ ဆက်သွယ်သည့်လမ်းအမျိုးအစားနှင့် မိုင် မြေနီကျောက်ကြမ်း
- ကျေးရွာချင်းဆက်လမ်းများအခြေအနေ မြေနီကျောက်ကြမ်းခင်းလမ်း

၁၀။ **ပို့ဆောင်ရေးလုပ်ငန်း**

- ယာဉ်အမျိုးအစားအလိုက်စီးရေ

ကား ( ) စီး ထော်လာဂျီ ( ၁ ) စီး ဆိုင်ကယ် ( ၆၀ ) စီး

အခြား ( ) စီး

၁၁။ **ဆက်သွယ်ရေးကိရိယာ**

ကြိုးဖုန်း ( ) လုံး Mobile Phone ( ၁၂၀ ) လုံး

၁၂။ **လျှပ်စစ်ဓါတ်အားရရှိ/သုံးစွဲမှု**

ဝင်ဓါတ်အားလိုင်း/ရေအား/ဒီဇယ်/နေရောင်ခြည်/အခြား)..................

သုံးစွဲသူအိမ်ထောင်စု-------------------- အိမ်ထောင်စုဝင် လူဦးရေ--------------------

၁၃။ **စိုက်ပျိုးစရိတ်ချေးငွေရရှိမှု ( စတနှင့် ချေးငွေပမာဏ)**

(က) ယာစက ( ) စက ၊ ချေးငွေတန်ဖိုး ( ) ကျပ်

CamScanner

(ခ) ယာသီးနှံများ

- နှမ်း ( ၁ ) ဧက ၊ ချေးငွေတန်ဖိုး (၂၀၀၀၀) ကျပ်
- မြေပဲ ( ၁ ) ဧက ၊ ချေးငွေတန်ဖိုး (၂၀၀၀၀) ကျပ်
- အခြားသီးနှံများ ( ၁ ) ဧက ၊ ချေးငွေတန်ဖိုး (၂၀၀၀၀) ကျပ်
- သီးနှံစုစုပေါင်း ( ၃ ) ဧက ၊ ချေးငွေတန်ဖိုး (၆၀၀၀၀) ကျပ်

၁၄။ အဓိကထွက်ကုန်များ

လယ်ယာသီးနှံများ

| သီးနှံအမျိုးအစား | စိုက်ဧက | အထွက်(တင်း) | တန်ဖိုး(ကျပ်) |
|---|---|---|---|
| ဆေးရွက်ကြီး | ၁ | ၃၀၀ ပိဿာ | ၁ပိဿာ-၁၂၀၀ကျပ် |
| ဗာဂျီးနီးယား | ၁ | ၃၀၀ ပိဿာ | ၁ပိဿာ-၁၀၀၀ကျပ် |
| | | | |
| | | | |
| | | | |

အခြားထွက်ကုန်များ (သားငါး/သစ်တော/စက်မှုစသည့် . . . . )

| အမျိုးအစား | အရေအတွက် | တန်ဖိုး(ကျပ်) |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |

၁၅။ **သီးနှံအလိုက် တစ်ဧက ကုန်ကျစရိတ်များ (ကျေးရွာအုပ်စုကိုယ်စားပြု)**

| သီးနှံအမျိုးအစား | မျိုးတန်ဖိုး | မြေသြဇာ | ပိုးသတ်ဆေး | အခြားငှါးရမ်းခများ | စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ဆေးရွက်ကြီး | ၃၂၀၀၀ | ၉၀၀၀၀ | ၂၉၀၀၀ | ၃၅၀၀၀၀ | ၇၆၉၀၀၀ |
| ဗာဂျီးနီးယား | ၃၂၀၀၀ | ၉၀၀၀၀ | ၂၉၀၀၀ | ၃၅၀၀၀၀ | ၇၆၉၀၀၀ |
| | | | | | |

လယ်ယာကဏ္ဍရပ်/ကျေးပုံစံ(၁)ဖြင့် ကျွမ်းကျင်လယ်သမား (၅)ဦး ကောက်ယူပြီး ကျေးရွာအုပ်စုကိုယ်စားပြု တစ်ဧကကုန်ကျစရိတ် ဖော်ပြရန်။ (လိုအပ်ပါက သီးခြားဖော်ပြရန်)

၁၆။ **ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ**


------------------------------------------------------------------------

------------------------------------------------------------------------

------------------------------------------------------------------------

ကွင်းဆင်းပြုစုသူအမည်၊ -------------------- မြို့နယ်တာဝန်ခံ၊ ----------------------

မကွေးတိုင်းဒေသကြီး၊ မကျီးပင်ပုအုပ်စု၊ နန်းတဲကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ အစီရင်ခံစာ

နန်းတဲကျေးရွာတွင် အိမ်ခြေစုစုပေါင်း (၁၅၆)၊ လူဦးရေ ကျား(၃၁၃)၊ မ(၃၈၄) ရှိသည်။ အဓိက အလုပ်အကိုင်မှာ တောင်သူနှင့် ကျဘမ်းလုပ်ကိုင်ကြသည်။ အပြင်ထွက်လုပ်ကိုင်ခြင်းနှင့် ဗာဂျီးနီးယား ဆေးပေါင်းရုံတွင် လုပ်ကိုင်ကြသည်။ အဓိက လူမျိုးများမှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများဖြစ်သည်။ ကျန်းမာရေး အနေဖြင့် ကွန်းရွာနှင့် ပခုက္ကူမြို့သို့ သွားရောက်ကုသကြရသည်။ မူလတန်းကို မိမိရွာနှင့် အလယ်တန်းမှ အထက်တန်းကို တက်ရောက်ကြရသည်။ ဂျပန်၊ မလေးရှားသို့ သွားရောက်လုပ်ကိုင်သူများ လည်းရှိသည်။ သက်ကြီးဦးဆောင် (၁၅)စုနှင့် အမျိုးသမီးဦးဆောင် (၂၃) ဦးရှိသည်။ မသန်စွမ်း (၁၁)ဦးရှိသည်။ ယင်လုံအိမ်သာသုံးစွဲသူ (၄)ပုံ (၃)ပုံ သုံးစွဲသည်။

လူမှုစီးပွား

စီးပွားရေးအနေဖြင့် တောင်သူကျဘမ်းလုပ်ကိုင်ကြသလို အိမ်ခြေ(၇၅)သည်လည်း မွေးမြူရေးလုပ်ကိုင်ကြသည်။ တစ်နှစ်ကို နှစ်သီးစိုက်ပျိုးကြသည်။ ရေကျတစ်ခါနှင့် နွေရာသီတစ်ခါ စိုက်ပျိုးကြသည်။ နွေရာသီစိုက်ရာတွင် ရေအခက်အခဲရှိသည်။ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ နှမ်း၊ ဆေး၊ ကုလားပဲ စိုက်ပျိုးကြသည်။ ဈေးရောင်းဈေးဝယ်များ လုပ်ကိုင်ကြသည်။ ကုန်စုံဆိုင်တစ်ဦးရှိသည်။ ဆေးပေါင်းရုံ(၃)ရုံရှိသည်။ ထိုသို့ သွားရောက်လုပ်ကိုင်သူများလည်း ရှိသည်။ အမျိုးသမီးများသည်၊ ဆေးပေါင်းရုံတွင် လုပ်ကိုင်ကြသည်။ လျှပ်စစ်မီး မရှိခြင်းကြောင့်လည်း စီးပွားရေး နောက်ကျခြင်းများ ဖြစ်သည်။

ကျန်းမာရေး

ကျန်းမာရေးအနေဖြင့် နန်းတဲကျေးရွာတွင် ရာသီကူးပြောင်းတစ်ခါ တုတ်ကွေးဖျားကြသည်။ ကင်မွန်းခါးကျေးရွာနှင့် ရွှေတန့်တစ်မှာ ဆရာမမှာလည်း ကျေးရွာသို့ ကုသပေးသည်။ ချောင်းရေကျသော အခါတွင် သွားလာရခက်ခဲသည်။ အရံသားဖွားတစ်ဦးရှိသည်။ ကျေးရွာလက်သည်(၃)ဦးရှိသည်။

ပညာရေး

နန်းတဲကျေးရွာတွင် ဘွဲ့ရ(၁၀)ဦး ဆယ်တန်းအောင် (၅)ဦးနှင့် တက္ကသိုလ်တက်ရောက်သူ(၅)ဦး ရှိသည်။ ကျောင်းဆရာမ(၆)ဦး၊ ဆရာ(၃)ဦးနှင့် ကုမ္ပဏီလုပ်ငန်း လုပ်ကိုင်သူများလည်းရှိသည်။ တက္ကသိုလ် တက်ရာတွင် ပခုက္ကူမြို့ရှိ တက္ကသိုလ်များသို့ တက်ရောက်ကြရသည်။

**ဘာသာရေးပွဲတော်**

ဘုန်းတော်ကြီးကျောင်းသည် ရွာ၏အရှေ့တောင်ဘက်တွင် ရှိသည်။ ဘုန်းကြီး သုံးပါး ရှိပါသည်။ ဥပုသ်သီလကို ထိုဘုန်းကြီးကျောင်းတွင် စောင့်ကြပါသည်။ ဝါတွင်းနှင့် သင်္ကြန်တွင် အစောင့်များသည် တရားစခန်းများလုပ်သည်။ ရှင်ပြုပွဲများလည်း လုပ်သည်။ အလှူအလှည့်များလည်း သွားသည်။ ဘုရားဆွမ်း ချပွဲတော်များလည်းရှိသည်။

မသန်စွမ်း

မသန်စွမ်း (၁၀)ဦးရှိသည်။ မျက်စိမမြင်သူ၊ ခြေနိမ့်၊ စကားမပြောတတ်၊ အကြော(ပိုလီယို)ဖြစ်ခြင်းများ ဖြစ်သည်။ ထိုသို့လည်း ခံစားနေရသည်။ ထိုသူများသည် စီးပွားရေးလုပ်ငန်းများ မလုပ်နိုင်ပေ။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ မှတ်တမ်း

ရက်စွဲ - ၁၀-၆. ၂၀၁၅
နေရာ - ဓမ္မာရုံ
စတင်ချိန် - မနက် ၈း၀၀ နာရီ
ပြီးဆုံးချိန် - မနက် ၉း၃၀ နာရီ


နန်းတဲကျေးရွာသည် မြစ်၏အနောက်ဘက်တွင် ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများနှင့် စေတီပုထိုးများ ရှိပါသည်။ ရွာထဲတွင်လည်း လမ်းများရှိပါသည်။ လမ်းများမှာ သဲများထူထပ်နေသည်။ ရွာ၏တောင်ဘက်တွင် ရွာကိုတိုက်စားနိုင်သော ချောင်းရှိသည်ဟု ဦးမိုး ကပြောခဲ့သည်။ ရွာထဲတွင် သုံးရေ၊ သောက်ရေများအတွက် လက်နှိပ်ရေတွင်းများ အသုံးပြုရသည်ဟု ဦးအောင်မောင် ကပြောကြားခဲ့သည်။ ရွာလမ်းများမှာ သဲများထူထပ်နေသည်ဟု ဦးစိန်မင်း ကပြောခဲ့ပါသည်။ ရွာ၏အနောက်ဘက်တွင် ကျောက်လမ်းရှိသည်ဟု ဦးချစ်ကို ပြောကြားခဲ့ပါသည်။ ရွာထဲတွင် နားမကြား၊ မျက်စိမှုန်၊ စကားမပြောတတ်သော မသန်စွမ်းသူများ ရှိသည်ဟု ဦးတင်မြင့်က ပြောကြားခဲ့သည်။ ရွာ၏အရှေ့ဘက်တွင် ဇရပ်ရှိသည်ဟု ဦးအောင်မြင့် ကပြောခဲ့ပါသည်။ ရွာ၏အရှေ့ဘက်တွင် ဧရာဝတီမြစ်ကြီး ရှိသည်ဟု ဦးမောင်ငွေ ကပြောပါသည်။ ရွာ၏စိုက်ပျိုးမြေများမှာ ရေသွင်းစိုက်ပျိုးရခြင်း၊ မိုးရေနှင့် စိုက်ပျိုးရသည်ဟု ဦးစန်းမြင့်ဦး ကပြောပါသည်။ ရွာ၏ မြောက်ဘက်တွင် သုသာန်ရှိသည်ဟု ဦးသန်းဇော်ဝင်း ကပြောခဲ့ပါသည်။ ရွာ၏လမ်းအကွေ့အကောက်များ ရှိသည်ဟု ဦးသန်းကျော် ကပြောပါသည်။ ရွာတွင် ရွာမနှင့် ရွာသစ်ဟူ၍ နှစ်မျိုးကွဲနေသည်ဟု ဦးတင်ငြိမ်း ကပြောပါသည်။ ထို့နောက် ဆွေးနွေးပွဲ ပြီးဆုံးခဲ့သည်။


မှတ်တမ်းပြုစုသူ
မနှင်းယုအောင်

CamScanner

# မတွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုဇွန်စု၊ နန်းတဲကျေးရွာ၏ ရာသီစဉ်ပြဇယား

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ရာသီဥတု | | | | | | | | | | | | |
| | စိုက်ပျိုးရေး | | | | | | | | | | | | |
| | ရေရရှိမှု | | | | | | | | | | | | |
| | မွေးမြူရေး | | | | | | | | | | | | |
| | ပညာရေး | | | | | | | | | | | | |
| | ကျန်းမာရေး | | | | | | | | | | | | |
| | ဘာသာရေး | | | | | | | | | | | | |
| | တောင်သူဝင်ငွေ | ၁၀၀၀၀၀ | ၂၀၀၀၀၀ | ၁၀၀၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၂၅၀၀၀၀ | ၂၅၀၀၀၀ | ၂၅၀၀၀၀ |
| | တောင်သူထွက်ငွေ | ၆၀၀၀၀ | ၉၀၀၀၀ | ၅၀၀၀၀ | ၄၅၀၀၀ | ၄၅၀၀၀ | ၄၅၀၀၀ | ၈၀၀၀၀ | ၄၅၀၀၀ | ၄၅၀၀၀ | ၈၀၀၀၀ | ၆၀၀၀၀ | ၇၀၀၀၀ |
| | လက်လုပ်လက်စားဝင်ငွေ | ၃၀၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| | လက်လုပ်လက်စားထွက်ငွေ | ၂၅၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၂၅၀၀၀ | ၂၅၀၀၀ | ၅၀၀၀၀ | ၂၅၀၀၀ | ၂၅၀၀၀ | ၂၅၀၀၀ | ၃၀၀၀၀ | ၂၅၀၀၀ |





## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏ ရာသီခွင်ပြဇယား အစီရင်ခံစာ

ကျေးရွာနှင့်တစ်ကွ တစ်နိုင်ငံလုံး၏ ရာသီဥတုမှာဆိုလျှင် နွေ၊ မိုး၊ ဆောင်း ရာသီခွင်အားဖြင့် သုံးပါး ရှိတယ်ဆိုတာ အထူးပြောဖွယ် မလိုပါ။ (၁၂)လရာသီ အသီးသီး ရာသီဥတု ဖြစ်ပေါ်မှုနှင့်အတူ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ပြောင်းလဲလုပ်ကိုင်နေကြရပါသည်။

တန်ခူးလတွင် အလွန်ပူပြင်းပါတယ် ကဆုန်လမှာတော့ မိုးရာသီပြပေမဲ့ မိုးအများကြီး မရွာသေးပါ။ နယုန်လဆိုရင်တော့ တောင်သူများ ထွန်ယက်စိုက်ပျိုးရပါသည်။ ဝါဆို၊ ဝါခေါင်လမှာဆိုရင်တော့ ဧရာဝတီ မြစ်ရေကြီးမှုကြောင့် နန်းတဲချောင်းအတွင်းထိ ရေများကြီးတားပြီး အလယ်တန်းကျောင်းသား/သူလေးများ ကျောင်းသွားမှု အလွန်ခက်ခဲပါတယ်။ ကျွန်တော်တို့ ရွာလေးကလည်း ဆင်းရဲတော့ ချောင်းတံတားလေးအား အကယ်၍များ သက်ဆိုင်ရာ အဖွဲ့အစည်း အသီးသီးက လူမှုဘဝကူညီရေးလေးများပေး၍ ချောင်းတံတား လေးများ ဖြစ်ခဲ့ရင်တော့ ဝါဆိုဝါခေါင် ရေကြီးမှုကို သဘာဝဘေး ဒုက္ခအဖြစ် ကလေးသူငယ်များ မမြင်ကြတော့ ပဲ ဆောင်ရွက်နိုင်တာပါလားဆိုတဲ့ အသိတရားပေးနိုင်မှာ မလွဲပါဘူး။ ဒါကြောင့် ချောင်းတံတားလေး မြန်မြန် ရပါစေလို့ ဆုတောင်းရင်း ပညာသင်ကြားနေတဲ့ ကလေးဘဝကို အားတက်စေရတယ်။

တော်သလင်း သီတင်းကျွတ်မှာတော့ မိုးသီးနှံလေးတွေ သိမ်းလိုက် ဆောင်းသီးနှံလေးတွေ ကြည့်လိုက်နဲ့ တကယ့်မအားလပ်တဲ့အချိန်လေးပေါ့ တန်ဆောင်မုန်း နတ်တော်လတွေမှာ ဆိုရင် ကွန်းစိုက် ရာသီဖြစ်လို့ ကုလားပဲ၊ ပြောင်းဖူး ပဲအမျိုးမျိုး စိုက်ပျိုးကြပါတယ်။ ပြာသိုလဆိုရင် နှမ်းများကို ရိတ်သိမ်းကြ ပါတယ်။ တပို့တွဲ တပေါင်းလတွေမှာဆိုရင် ဆောင်းသီးနှံများကို ရိတ်သိမ်းကြပါတယ်။

နန်းတဲကျေးရွာသည် အဓိက စိုက်ပျိုးသီးနှံဖြစ်သော ပဲစိမ်းငုံ၊ နှမ်း၊ ဘာဂျီးနီးယား ဆေးတို့ဖြစ်ကြပါသည် ဘာဂျီးနီးယားဆေးကို ဝါခေါင်လတွင် ဘောင်တင်စနစ်ဖြင့် စတင်ပျိုးထောင်ရပါသည်၊ တော်သလင်း သီးတင်းကျွတ်လများတွင် ယာခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးကြပါသည်၊ ပဲစိမ်းငုံနှင့်နှမ်းကို ယာခင်းများတွင် နယုန်လတွင် စိုက်ပျိုးပါသည်။ ပဲစိမ်းငုံရဲ့ သက်တမ်းမှာ (၉)လ ကြာပါသည်၊ နှမ်းသီးနှံမှာတော့ တန်ဆောင် မုန်းလတွင် ရိတ်သိမ်းကြပါသည်။ မွေးမြူရေးမှာ နွား၊ ဆိတ်၊ သိုးများကို အဓိကထား မွေးမြူကြပါသည်၊ ဝက်မွေးမြူသူ အနည်းငယ်သာ ရှိပါသည်။ နန်းတဲကျေးရွာ၏ ပညာရေးမှာ မူလတန်းအဆင့်မှာ ရှာဦးရှိ အမက(၁၅၁)ကျောင်းသို့ တက်ရောက်ပြီး အလယ်တန်း အထက်တန်းပညာရေးကို မကျီးပင်ပုကျေးရွာသို့ တက်ရောက်ကြပါသည်။ ကျန်းမာရေးမှာ ရွာတွင် ဆေးပေးခန်း မရှိသည့်အတွက် မြို့သို့သွားရောက်ကုသ ကြရပါသည်။ ကျေးလက်ကျန်းမာရေးမှူး မရှိသည့်အတွက် အခြားရွာသို့ သွားရောက်ကုသကြရပါသည်။

နန်းတဲကျေးရွာတွင် လက်လုပ်လက်စားများ ရှိပါသည်၊ လက်လုပ်လက်စားများသည် (၁၂)ရာသီလုံး လုပ်ငန်းရှာဖွေလုပ်ကိုင်ကြရပါသည်။ တောင်သူလုပ်ငန်းမှာ နယုန်လမှ တပေါင်းလအထိ ဖြစ်ပါသည်၊ ကျန်လများ ဝင်ငွေနည်း၍ ကျဘမ်းလုပ်ကိုင်ကြရပါသည်။ လက်လုပ်လက်စားအမျိုးသား တစ်ယောက် (၃၀၀၀)ကျပ်၊ အမျိုးသမီးတစ်ယောက်(၁၂၀၀)ကျပ်ရရှိပါသည်။

CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏ ရာသီခွင်ပြဇယား အစည်းအဝေးမှတ်တမ်း

ရက်စွဲ - ၈-၆. ၂၀၁၅
နေရာ - ရွာဦးဓမ္မာရုံ
စတင်ချိန် - မနက် ၈း၀၀ နာရီ
ပြီးဆုံးချိန် - မနက် ၉း၃၀ နာရီ

ကျွန်တော်တို့ နန်းတဲကျေးရွာသည် တန်ခူးလတွင် အလွန်ပူးပြင်းပါသဖြင့် ဦးဆွေ၏ ယောက္ခမ အပူဒဏ်မခံနိုင်၍ သစ်ပင်သစ်ရိပ်တွင် နေရတယ်လို့ ပြောပါသည်။ ကဆုန်လတွင်တော့ မိုးအရိပ်အရောင်ပြ ပေမဲ့ မိုးမရွာဘူးဗျာ နယုန်လတော့လည်း မိုးဦးမစောရင် ဒီအတိုင်းပါပဲ ဝါဆိုလတော့ မဆိုးဘူး ကောက်ပဲ သီးနှံလေးတွေ ထွန်ယက်စိုက်ရပြီးလို့ ဦးတင်မြင့်ကတော့ ပြောတယ်ဗျ၊ ဝါခေါင်လမှာတော့ ကျွန်းပိုင်းတွေ ရေဝင်တော့ လှေလှော်ရတာ အလွန်ပျော်တယ်ဗျာ။ တော်သလင်း၊ သီးတင်းကျွတ်မှာတော့ ပဲတီစိမ်း၊ နှမ်းလေးတွေ ရိပ်သိမ်းကုန်ကြပြီ တန်ဆောင်မုန်း၊ နတ်တော်လတွေမှာတော့ ဆောင်းသီးနှံလေးတွေ ရိပ်သိမ်း ပြီး အလှူဒါနပြုကြရာတွင် ကိုသန်းဇော်ဝင်း ဓါတ်စက်ကြီးက တကီကီနဲ့ အလွန်ပျော်ဖွယ် ကောင်းပါသည်။

ရေရရှိမှု အနေအထားကတော့ဗျာ ဦးမောင်ငွေ အိမ်က ဇွန်ပန်းတွေ ပွင့်တာတော့ လွန်ရော၊ ကိုဇော်ဦး က ဇွန်ပန်းပွင့်တာ မမြင်နဲ့ဗျ လက်နှိပ်တွင်းနှိပ်ပြီး ရေသွန်းရတာတော့ ကိုစိန်မင်းသာ မေးကြည့်တော့ကွာ မိုးအားကိုးလို့ မရတော့လဲ လက်နှိပ်တွင်းတွေ တူးလိုက်ရတာ မနည်းကုန်တယ်။ ဦးသန်းဇော်အိမ် ကတော့ သံပိုက်တွင်းကြီးပဲကွ မိုးရေအားကိုးမနေနဲ့ စိုက်ခင်းတွေတောင် ရေတွင်းတူးမှ ရတော့မှာ ပျော်ဒါပေါ့ ဦးဇော်ဦးရယ်။

မွေးမြူရေးကတော့ မဆိုးဘူး၊ ကိုဆွေအိမ် သိုးမွေးထားတာ တစ်နှစ်ကို နှစ်သားမွေးတယ်လို့ ကိုဆွေ အမျိုးသမီးက ပြောပါသည်။ ဟာမင်းကလဲကွာ ကိုဆွေ သိုးမွေးတာထက် မဇာခြည်အိမ် ဝက်မွေးထားတာ (၈)လနဲ့ ရောင်းရပါသည်။ ဒါဆို မွေးမြူရေးက စိုက်ပျိုးရေးထက် ခိုင်တယ်ဟေ့ ဒို့လဲ မွေးမြူရေးပဲ လုပ်တော့ မယ်လို့ ပြောပါသည်။

ပညာရေးကလည်း ပြောရရင် ဦးတင်မြင့် ရေ ကျွန်တော်သားစာအုပ် လှန်ကြည့်တော့ လေးတန်း သာရောက်နေတာ အပေါင်းအနှုတ်က မပိုင်သေးဘူးဗျ ကျွန်တော် ထင်တာတော့ အခြေခံအားဖြင့်သာ ပြောရရင်ဗျာ မူကြိုကလေးကျောင်းရှိဘို့တော့ လိုတယ် ဘယ်နဲ့လဲ ဦးတင်မြင့် ရ ဒါပေါ့ဗျာ အခုလို မူကြိုကျောင်း မရှိတော့ ကလေးတွေ အခြေခံမပါပဲ အတန်းတာပြီးနေတာတော့ မိဘတွေ ရင်လေးစရာပါပဲ ပညာရေးအတွက် သက်ဆိုင်ရာ အာနာပိုင်တွေဆီ မူကြိုလေးတော့ ဖြစ်အောင် တောင်းကြရအောင်ဟေ့။

ကျန်းမာရေးကလည်း အပူဒဏ်ပြင်းတော့ ကဆုန်၊ နယုန်ဆို ဘယ်လိုနေရမယ်လိုကို မသိဘူး ခေါင်းကိုက်ဗိုက်နာလို့တောင် ကျန်းမာရေး ဆေးပေးခန်းမရှိတော့ အခက်တွေ့တာပေါ့ ဦးတင်မြင့်ရ ကိုယ်ကျေးရွာက ဆင်းရဲနွမ်းပါးတော့ ကျန်းမာရေးအတွက် ဆေးခန်းလေးတော့ ကျန်းမာရေးဌာနကို အကူအညီတောင်းပါဗျာ ဟာမင်းကလည်း အုပ်ချုပ်ရေးမှူး ဦးမိုးကို တင်ပြခိုင်းပါကွာ နိုင်ငံတော်လည်း ခုအကူအညီပေးနေပါတယ်ဟာ ဒါတင်မကဘူးဗျ အခု ကမ္ဘာအဖွဲ့အစည်းတွေတောင် ပေးနေတယ် အဓိက

တင်ပြတောင်းဆိုမှုရတာ လိုအပ်တာတော့ တင်ပြကြရအောင် ဒါကျန်းမာရေးအတွက် အဓိကပဲ ဖြစ်ပါတော့သည်။

နန်းတဲကျေးရွာက ရွာကတာဆင်းရဲတာ ဘာသာရေးပိုင်းမပြောနဲ့ဗျ ဘုရားပွဲ ကျင်းပရာတာကိုက ဘုရားဆွမ်းချပွဲ တစ်နှစ်ငါးပွဲလောက်ရှိတယ် ဒါလဲကောင်းပါတယ် ဦးအောင်မြင့်ရာ ဆင်းရဲပေမဲ့ သဒ္ဒါတရား တော့ မနည်းဘူးဆိုတာ ဖော်ပြလိုက်တာပါပဲ ဒါတင်မကသေးဘူး သင်္ကြန်တုန်းဆို ရွာဘုံဆွမ်း သံဃာတွေ ကပ်လှူရသေးတယ်၊ ဟော့ကောင် ငဆွေ ပြောမနေနဲ့ မင်းအခါ ညောင်ပင်တောင် စိုက်ပျိုးပြီးပြီ နောက်နှစ်ဆို ကဆုန်လတောင် ညောင်ရေသွန်းပွဲ လုပ်ရအုန်းမယ် ဒီတော့ ဘာသာရေးနဲ့ ပတ်သက်ရင် တိုးတက်တောင် ဒို့တစ်တွေ ဝိုင်းလုပ်ကြဖို့ပဲ ရှိတော့သည်။

ဟော့ကောင်တွေ ငါပြောမယ် တောင်သူဝင်ငွေကလည်း မိုးလေဝသ မညီညွတ်တော့ အကြွေးမတင် အောင်ကို မနည်းကြိုးစားနေရတယ်၊ မင်းကလည်းကွာ တန်ခူးလလေးတော့ ပဲလေးသိမ်းလိုက် ဆေးလေး သိမ်းလိုက်နဲ့ သိန်းကိုးသောင်းတော့ ဝင်တာပေါ့ကွာ ကဆုန်၊ နယုန်လလေးလည်း ဆေးရိုးလေးရောင်းတော့ လည်း နယုန်သီဟိုဠ်ရှင်ဘုရားပွဲတောင် မသွားနိုင်ဘူး ပြောရရင် တောင်သူလုပ်ငန်းကလည်း ထွန်သွားတို့ နွားအိုရှုပါပဲ ဦးအောင်မြင့်ရာ


ဝင်ငွေက မပြောပစလောက် ထွက်ငွေကများများနဲ့ ခက်တော့ခက်ပါတယ် ကိုတင်မြင့်ရာ အခုလို ဝါမဝင်ခင် ဆက်ကြား မင်္ဂလာဆောင်တွေကများ ရှင်ပြုတွေကပေါ်နဲ့ လူမှုရေးတွေကလည်း များလိုက်တာ မပြောပါနဲ့တော့ ကြာရင် နွားတောင်ပြုတ်မှာကြောက်နေရပါသည်။

တောင်သူက နည်းနည်း နွားလေးရှိတော့ တော်သေးတာပေါ့ ကိုဇော်ဦးရာ လက်လုပ်လက်စားဆို မိန်းမတစ်ယောက် တစ်နေကုန် အလုပ်လုပ်မှ ငွေလေး(၁၄၀၀)ကျပ်ရတာ ဆန်တစ်ပြည်တစ်ထောင် ကျော်ဆိုတော့ အလုပ်မရှိတဲ့နေ့ ဗိုက်မှောက်အိမ်ရှုပဲ ရှိပါသည်။

ကျွန်တော်ပြောမယ် အဓိကကတော့ ပုံမှန်ဝင်ငွေ မရှိတော့ စီးပွားရေး ဆင်းရဲတာပေါ့ ပုံမှန်ဝင်ငွေနဲ့ ထွက်ငွေညီမျှရင် တစ်နိုင်ငံလုံး တစ်ရွာလုံး ဆင်းရဲမှု လျော့ချနိုင်မှာ သေချာပါတယ်။ ဒီတော့ တိုးတက်ဖွံ့ဖြိုး သော ဒီမိုကရေစီ နိုင်ငံတော်ကြီးဆီသို့ ညီညာစွာ လက်တွဲသွားနိုင်အောင် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဦးစားပေး ဆောင်ရွက်ပါစေလို့သာ ဆုတောင်းကြစို့ ငါလည်းအာချောင်ရတာ မောပြီ ညနေတောထွက်ရအုန်း မှာ ပြန်ကြစို့ဟေ့

မှတ်တမ်းပြုစုသူ
ဦးစိန်မင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကျော်ဝင်ပုအုပ်စု၊ နန်းတဲကျေးရွာအုပ်စု၊
လျှပ်စစ်မီးမရှိခြင်း ပြဿနာသစ်ပင်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
ပြဿနာသစ်ပင် အစီရင်ခံစာ

နန်းတဲကျေးရွာတွင် အိမ်ခြေပေါင်း (၁၅၆)အိမ် တည်ရှိသည် လူဦးရေမှာ စုစုပေါင်း (၆၅၂)၊ ကျား(၂၇၈)၊ မ(၃၇၄)ဦးရှိသည်။ ကျေးရွာတွင် တောင်သူလုပ်ငန်းများသာ လုပ်ကိုင်ကြသည်။ မိန်းကလေး ကတော့ ကူလီလုပ်ငန်းများသာ လိုက်၍လုပ်ကိုင်ကြသည်။ ရွာရဲ့ရွာဦးမှာတော့ စေတီနှင့် (၁၅၁)စာသင်ကျောင်းနှင့် ရွာဦးဓမ္မာရုံတည်ပြီး ရွာ၏တောင်ဘက်မှာတော့ ချောင်းရှိပြီး ရွာ၏မြောက်ဘက်မှာ နတ်စင်နှင့် ရွာ၏အနောက်ဘက်မှာတော့ ယာခင်းများ ရှိသည်။ ရွာ၏အရှေ့မြောက်မှာ မြစေတီဘုရားနှင့် ဘုန်းတော်ကြီးကျောင်းလည်း တည်ရှိသည်။ အိမ်ယာများမှာတော့ ထန်းရုံကာ၊ သွပ်မိုးကာနှင့် ထန်းလျက် မိုးကာနှင့် အုတ်နံရံတကက်များကတော့ ရှားပါးသလောက် တည်ရှိသည်။ တစ်မိသားစုလျှင် ချက်ပြုတ်စား သောက်ကြရတာကတော့ ချဉ်ပေါင်ရွက် ရေကန်ဇွန်းရွက်၊ ငရုတ်သီးထောင်း တို့ ချက်ပြုတ်စားသောက်ကြ ရသည်။ ကူလီလုပ်ငန်းများ လိုက်လုပ်ရာတွင် နံနက်(၆)နာရီမှ (၁၁)နာရီမှ လုပ်ခ (၇၀၀)သာ ရရှိသည်။ နန်းတဲကျေးရွာတွင် လျှပ်စစ်မီး မရရှိသည့်အတွက် စီးပွားရေး ပညာရေး အစစအရာရာ အခက်အခဲတွေ့နေ ရပါသည်။ စီးပွားရေးမှာဆိုရင် ယက္ကန်း-ပရိဘောဂ လုပ်ရာတွင် ရေဘော်ထိုးစက်-ဂန်းစက်-ဖောက်စက်တို့ နှင့် ပြုလုပ်လို့ရပါလျှက်နှင့် မီးမရတော့ လက်နဲ့သာ လုပ်ကိုင်စားသောက်ရသဖြင့် စီးပွားရေးမှာ နှောင့်နှေး ခြင်း၊ ပညာရေးမှာဆိုလည်း ဖယောင်းတိုင်နှင့် စာကျက်ရ မလင်းတစ်ချက် လင်းတစ်ချက်နှင့် စာကျက်ရသည့် အတွက် အာရုံစိုက်ကျက်ရသည့်အတွက် မျက်စိအာရုံချို့တဲ့ခြင်း၊ ကျန်းမာရေးများချို့တဲ့ခြင်းများ ဖြစ်ကြသည်။ ညအခါဆိုရင်လည်း မိခင်များ ကလေးမီးဖွားခြင်းတို့ အခြားကျန်းမာရေးတို့ ပြဿနာများကို ကျန်းမာရေး ဆရာမ ဆရာများ အခြားရွာမှာနေသည့်အတွက် သွားခေါ်ရာတွင်လည်း လက်နှိပ်ဓါတ်မီးကလေးနှင့် သွားရောက်ခေါ်ကြရသည်။ ရွာတွင် ထမင်းဟင်းလျာများ ချက်ပြုတ်စားသောက်ရာတွင် လျှပ်စစ်မီးမရရှိသည့် အတွက် ချက်ရန်တောသို့သွား၍ ထင်းများသွားရောက်ရှာဖွေရသည့်အတွက် အချိန်တွေ ကုန်ဆုံးခြင်း၊ စီးပွားရေးများ နှောင့်နှေးခြင်းများ ဖြစ်ပေါ်နေသည်။ ထို့ပြောင် တီဗွီတွေလည်း မကြည့်ရသည့်အတွက် ဗဟုသုတ နည်းပါးခြင်း၊ အသိပညာတွေ မထွန်ကားခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထိုလျှပ်စစ်မီးမရရှိသည့် အတွက် ဒီအချက်အလက်များ နန်းတဲကျေးရွာတွင် ခံစားနေရပါသည်။

CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
ပြဿနာသစ်ပင် မှတ်တမ်း

ရက်စွဲ - ၈-၆. ၂၀၁၅
နေရာ - ရွာဦးဓမ္မာရုံ
စတင်ချိန် - နေ့လည် ၁း၀၀ နာရီ
ပြီးဆုံးချိန် - နေ့လည် ၂း၃၀ နာရီ

နန်းတဲကျေးရွာတွင် ကျေးရွာလက်စွဲစာအုပ် ပြုလုပ်ရန် ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

နန်းတဲကျေးရွာ လျှပ်စစ်မီးမရှိခြင်းနှင့် ပတ်သက်၍ အစိုးရမှ ထောက်ပံ့မှုမရှိခြင်း၊ ငွေကြေးမရှိခြင်း၊ တို့ကြောင့် ဖြစ်သည်။ နန်းတဲကျေးရွာမှာ ပခုက္ကူမြို့နှင့် မိုင်အားဖြင့် (၇)မိုင်ဝေးကွာသည်။ လျှပ်စစ်မီးမရှိခြင်းနှင့် ပတ်သက်၍ ကျေးရွာလူထုနှင့် ဆွေးနွေးသောအခါ ရွာသူရွာသားများမှ ပြောကြားချက်မှာ စည်ပင်သာယာနယ်မြေနှင့်ဝေးခြင်း နိုင်ငံတော်မှ အကူအညီမရရှိခြင်း၊ အတွေ့အကြုံဗဟုသုတ ကမ္ဘာ့အလှူရှင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု မရှိခြင်းတို့ကြောင့် ဖြစ်သည်။ လျှပ်စစ်မီး မရှိခြင်းကြောင့် ကျောင်းသားများ စာမကြည့်နိုင်ခြင်း၊ လူနေမှုနိမ့်ကျခြင်းတို့ ဖြစ်သည်။ လျှပ်စစ်မီးမရှိခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျခြင်း၊ ပြင်ပမှာ အလုပ်သွားရောက်လုပ်ကိုင်ကြရသည်။


လျှပ်စစ်မီးမရှိခြင်းတို့ကြောင့် အစားထိုးလောင်စာအဖြစ် ထင်းမီးကို အသုံးပြုရသည်။ ထင်းမီးအသုံးပြုခြင်းကြောင့် သစ်တောပြုန်းတီးမှုများ ပေါ်ပေါက်ရသည်။ သစ်တောပြုန်းတီးခြင်းကြောင့် မိုးခေါင်ခြင်း၊ ရေရှားခြင်းတို့ ပေါ်နိုင်သည်။ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းကြောင့် ဝင်ငွေနည်းခြင်း၊ ပညာရေးအားနည်းခြင်းတို့ ဖြစ်သည်။ ဗဟုသုတနည်းပါးလာခြင်း၊ အကျင့်စာရိတ္တပျက်ပြားလာခြင်းတို့ ဖြစ်နိုင်ပါသည်။

လျှပ်စစ်မီးမရှိခြင်းကြောင့် ထိုအကြောင်းအရာများ ဖြစ်ပေါ်ရသည်ကို ကျေးရွာလူထုမှ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ချောင်းရေကာတာ မရှိခြင်းပြဿနာများကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။ လျှပ်စစ်မီးမရှိခြင်း ပြဿနာဆွေးနွေးခြင်း ပြီးဆုံးခဲ့သည်။

မှတ်တမ်းပြုစုသူ
ကိုနိုင်မျိုး

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
လျှပ်စစ်မီးမရှိခြင်း ပြဿနာဖြေရှင်းနည်း



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏ ရေကာတာ မရှိခြင်း ပြဿနာ ဖြေရှင်းနည်း

နန်းတဲကျေးရွာတွင် ကိုယ်ထူကိုယ်ထ ချောင်းရေကာတာ ပြုလုပ်ခဲ့ဘူးတယ်၊ ရွာရဲ့ထည်ဝင်ငွေနဲ့ □□□□ ကထည့်လှူထမ်းနဲ့ ပြုလုပ်ခဲ့ဘူးပါတယ်။ ဒါပေမဲ့ စုပေါင်းလုပ်တဲ့အချိန် ပြီးစီးခါနီးမှ ချောင်းကျလာတဲ့အတွက် ပျက်စီးခဲ့ရသည်။ ယခုထက်မံ၍ □□□ တွေနဲ့ချိတ်ဆက် ဌာနဆိုင်ရာတွေ တောင်းခံရန်အတွက် အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ခိုင်ခံ့အောင် လုပ်ရန်အတွက် အချိန်ယူဆောင်ရွက်ရန်အတွက်လည်း စည်းဝေးခဲ့ပါသည်။ ချောင်းကူးရေကာတာမရှိခြင်းအတွက် မိုးတွင်းမှာဆိုလည်း ဝါဆို၊ ဝါခေါင် တော်သလင်းတွေမှာဆိုရင် မြစ်ရေများလျှံကျနေသည်။ ထိုအချိန်တွေမှာဆိုရင် ကျန်းမာရေး နှောင့်နှေးခြင်း၊ စီးပွားရေးနိမ့်ကျ အလုပ်ပျက်၊ ကျောင်းသား/သူများလည်း အခက်အခဲတွေရသည်။ ကျေးရွာလူထုများမှာလည်း ထိုအချိန်တွေ စွားပွားရေးအခက်အခဲဖြစ်သည်။ နန်းတဲရွာနှင့် အနီးပတ်ဝန်းကျင်ရွာ ဒေသတွေမှာလည်း ဒီချောင်းကျော်၍ မြို့သွား၊ မြို့လာတွေ. လုပ်ရသည်။ ထပ်မံအလှူရှင်ရှိရင်လည်း ကျေးရွာမှ ထပ်မံစုဆောင်းပြီး ပြင်ဆင်ဆောင်ရွက်ရန် ဆုံးဖြတ်ထားပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
ချောင်းရေကာတာ ရှိခြင်းပြဿနာ ဖြေရှင်းနည်း မှတ်တမ်း

| | | |
|---|---|---|
| ရက်စွဲ | - | ၈-၆. ၂၀၁၅ |
| နေရာ | - | ရွာဦးဓမ္မာရုံ |
| စတင်ချိန် | - | နေ့လည် ၁း၀၀ နာရီ |
| ပြီးဆုံးချိန် | - | နေ့လည် ၂း၃၀ နာရီ |

နန်းတဲကျေးရွာတွင် ကျေးရွာလက်စွဲစာအုပ် ပြုလုပ်ရန် ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် ချောင်းအတွင်း ရေကျော်ကို ကွန်ကရစ်ဖြင့် ခိုင်ခံ့အောင် ပြုလုပ်နိုင်လျှင် ပိုမိုကောင်းမွန်မည် ဖြစ်ပါသည်။ မြို့နယ်ဌာနဆိုင်ရာများသို့ တောင်းခံတင်ပြပါဟုလည်း ဆွေးနွေးပွဲသို့ တက်ရောက်လာသူ ဦးမိုးမှ ဆွေးနွေးခဲ့ပါသည်။ ချောင်းကမ်းပါးမှာလည်း ချောင်းရေကျချိန်တွင် ကမ်းပါးများ ပြိုကျပါသည်။ ထိုသို့ ပြိုကျခြင်းကို ကာကွယ်ရန်အတွက် အခြားတစ်နေရာမှ ကာကွယ်မှသာလျှင် ဖြစ်နိုင်မည်ဟု ဦးထိန်ဝင်း မှ ဆွေးနွေးခဲ့ပါသည် ဦးသန်းကျော်မှလည်း ကျေးရွာအတွင်းသို့ ကောက်ခံ၍ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြုပြင်ရန် ဆွေးနွေးပါသည်။ ဦးအောင်မောင်း မှ အနီးအနားရွာများသို့ အလှူခံ၍ ပြုပြင်သင့်ကြောင်း တင်ပြဆွေးနွေးပါသည်ဟု ဦးတင်ငြိမ်း မှ ချောင်းရေကျော်တံတား တည်ဆောက်နိုင်လျှင်ပါ ကောင်းသည်ဟု ပြောကြားပါသည်။

တံတားတည်ဆောက်ရန် အချိန်ယူရမည်ဖြစ်ကြောင်းလည်း ဆွေးနွေးကြပါသည်။ အလှူရှင်ရှိလျှင် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း ဆွေးနွေးပွဲတက်ရောက်သူများမှ တင်ပြဆွေးနွေးကြပါသည်။ ချောင်းကို တံတားတည်ဆောက်နိုင်လျှင် နွေ၊ မိုး၊ ဆောင်း၊ သုံးရာသီလုံး သွားလာနိုင်မည် ဖြစ်ပါသည်။ နန်းတဲချောင်းသည် ကျေးရွာချင်းဆက်လမ်းရှိသည့်အတွက် တံတားတည်ဆောက်နိုင်ပါက ပိုမိုကောင်းမည်ဟု ဦးနိုင်မျိုး မှ ဆွေးနွေးပါသည်။ ထို့နောက် ချောင်းရေကူးတံတား မရှိခြင်းပြဿနာ ဖြေရှင်းမှုစက်ကွင်း အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

မှတ်တမ်းပြုစုသူ
ကိုနိုင်မျိုး

CamScanner

## မကွေးတိုင်းဒေသကြီး၊ မကျီးပင်ပုအုပ်စု၊ နန်းတဲကျေးရွာ၏ ချောင်းရေကာတာမရှိခြင်း ပြဿနာသစ်ပင်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
ရေကာတာ မရှိသည့် ပြဿနာ သစ်ပင် အခက်အခဲ

နန်းတဲကျေးရွာတွင် အိမ်ခြေပေါင်း (၁၅၆)အိမ် တည်ရှိသည်။ လူဦးရေမှာ စုစုပေါင်း(၆၅၂)၊ ကျား(၂၇၈)၊ မ(၃၇၄)ရှိသည်။ ရွာ၏ရွာဦးမှာ (၁၅၁) စာသင်ကျောင်းနှင့် စေတီများရှိပြီး ဇရာဝတီမြစ်ကြီးလည်းရှိသည်။ ရွာ၏မြောက်ဘက်မှာ နတ်စင်နှင့် လမ်းလည်းရှိသည်။ ချောင်းတွင်ရေကာတာ မရှိသည့်အတွက် ရွှေဒါး-ညောင်ပင်ကျေးရွာ-နန်းတဲ-ချစ်ကြည်ရေး-ဇယမ-ဆင်ကြို့-ကြူရွာ-ဒီရွာများသည် ဒီချောင်းကျော်၍ စီးပွားရေး ပညာရေး၊ လူမှုရေးတွေတွင် အခက်အခဲတွေ့ရသည်။ ဒီရွာများမှ ကလေးများသည် မကျီးပင်ပုကျေးရွာသို့ သွားရောက်တတ်ရသည့်အတွက် ဒီချောင်းကျော်မှသာ ရောက်ရှိသည့်အတွက် အခက်အခဲတွေ့ရသည်။ ဝါဆို၊ ဝါခေါင်၊ တော်သလင်းမှာဆို လှေလှော်၍ သွားလာရသည်။ ရေကြီးချိန်တွေဆို ချောင်းအစပ်က မိသားစုများသည် အိမ်သာများ ချောင်းထဲသို့ ပြုကျသွားသည်။ ထို့ကြောင့် မသန့်ရှင်းသည့်အတွက် ကျန်းမာရေးများ ချို့တဲ့နေကြသည်။ ထိုအချိန်များတွင် ကလေးများကို မိသားစုဝင် လူကြီးတစ်ဦးက အထူးဂရုစိုက်ကြရသည်။ ထို့ကြောင့် စီးပွားရေးတွင်လည်း နှောင့်နှေးကြသည်။ ဒီရွာ၏ မူလတန်းပြ ဆရာ၊ ဆရာမ များသည်လည်း မြို့ကလာရသည့်အတွက် ချောင်းကျသည့်အခါတွင် ဟိုဘက်ကမ်းတွင် နေရသည့်အတွက် အဲဒီနေ့တွေဆိုလျှင် ကျောင်းပိတ်ရသည်။ ချောင်းတွင်ရေကာတာ မရှိသည့်အတွက် ဒီပြဿနာများ နန်းတဲကျေးရွာနှင့် ရွာနီးကျေးရွာများတွင် တွေ့နေကြရပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
ပြဿနာသစ်ပင် မှတ်တမ်း


| | | |
|---|---|---|
| ရက်စွဲ | - | ၈-၆. ၂၀၁၅ |
| နေရာ | - | ရွာဦးဓမ္မာရုံ |
| စတင်ချိန် | - | နေ့လည် ၁း၀၀ နာရီ |
| ပြီးဆုံးချိန် | - | နေ့လည် ၂း၃၀ နာရီ |

နန်းတဲကျေးရွာတွင် ကျေးရွာလက်စွဲစာအုပ် ပြုလုပ်ရန် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။ နန်းတဲကျေးရွာသည် ရွာ၏တောင်ဘက်တွင် ကပ်လျှက်ရှိသော ချောင်းကို ကျော်ဖြတ်၍ ပခုက္ကူမြို့နှင့် တောင်ဘက်တွင် ရှိသော ကျေးရွာများသို့ သွားရောက်ကြရသည်။ ထိုချောင်းသည် မိုးတွင်းကာလတွင် မိုးရေကျ၍ သွားလာရေးခက်ခဲခြင်း၊ ဧရာဝတီမြစ်နှင့် နီးစပ်နေသောကြောင့် မြစ်ရေလျှံတက်သောအခါ သွားလာမှု ခက်ခဲသည်။ ချောင်းရေရှိနေသောအခါ နန်းတဲကျေးရွာမှ အထက်တန်းကျောင်းသို့ သွားသောကျောင်းသားများမှာ သွားလာမှုခက်ခဲသည်ဟု ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဦးနိုင်မျိုး မှ တင်ပြခဲ့သည်။ နန်းတဲချောင်းသည် မိုးကောင်းချောင်းဖြစ်သောကြောင့် မိုးရွာသောအခါ မိုးရေတိုက်စားခြင်းကြောင့် ကျေးရွာပျက်စီးခြင်း၊ ချောင်းကို ကူး၍ သွားလာကြသော ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များနှင့် ရွာသူရွာသားများမှာ သွားလာရေးခက်ခဲခဲ့ကြသည်။ ချောင်းရေတိုက်စားမှုကို ကျေးရွာရန်ပုံငွေ မရှိခြင်း၊ အလှူရှင်မရှိခြင်းတို့ကြောင့် ပြုပြင်နိုင်ခြင်း မရှိခဲ့ပါ။ ချောင်းပျက်စီးနေလျှင် ယာဉ်များ ခက်ခဲစွာ သွားလာရသည်။ ချောင်းရေကျနေလျှင် ကျောင်းသားများ အချိန်မှီ မရောက်ရှိနိုင်ခြင်းကြောင့် ပညာရေးဘက်တွင် နှောင့်နှေးစေပါသည်။ ထိုအချက်အလက်များကို ဦးမျိုး၊ ဦးတင်မြင့် ၊ ဦးမောင်ငွေ ၊ ဦးအောင်မောင်း တို့မှ ဆွေးနွေးခဲ့ကြပါသည်။

မှတ်တမ်းပြုစုသူ
ကိုနိုင်မျိုး

CS CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
ချောင်းရေကာတာမရှိခြင်း ပြဿနာဖြေရှင်းနည်း



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
လျှပ်စစ်မီး ပြဿနာ ဖြေရှင်းနည်း

နန်းတဲကျေးရွာတွင် ကိုယ်ထူကိုယ်ထ မီးလင်းစေရေးအတွက် ကြိုးစားနေကြသည်။ ဒီလိုမီးလင်းစေရေးအတွက် တစ်ရွာလုံး ဘုန်းတော်ကြီးကျောင်းအောက်ထပ်တွင် ခေါ်ယူ၍ ညှိနှိုင်း ဆွေးနွေးတိုင်ပင်ခဲ့သည် ထို့နောက် တစ်အိမ်ဆင်း တစ်အိမ်တက် ကောက်ခံခဲ့သည်။ တစ်အိမ်လျှင် (၃၀၀၀၀)နဲ့ (၄၀၀၀၀) (၅၀၀၀၀)နဲ့ (၁၀၀၀၀၀)စုကာဝိုင်းကာ ထည့်ကြသည်။ ထိုသို့ ကောက်ခံပြီး နိုင်ငံတော်ကို တောင်းခံပြီး ဌာနဆိုင်ရာများကို ချိတ်ဆက် NGO အဖွဲ့နဲ့ ချိတ်ဆက်ပြီး အုပ်ချုပ်ရေးမှူးနဲ့ ပူးပေါင်းဆောင်ရွက်ကြသည်။ ထို့နောက်ဘဏ်တွင်လည်းငွေစုဆောင်းထားပါသည်။ မီးမလင်းမချင်း (၃)လတစ်ကြိမ် ထည့်နိုင်သလောက် လိုက်လံကောက်ခံပြီး ဘဏ်သို့ထပ်မံထည့်သွင်းပေးသွားမည်။ အဖွဲ့ဝင်(၃၀)ဦးရေများမှာတော့ အမာခံထားပြီး ထည့်သွင်းကြသည်။ ထိုသို့ လျှပ်စစ်မီးမရရှိခြင်း ပြဿနာကြောင့် ကျေးရွာသား ကျေးရွာသူ ယက္ကန်းယက်ချိန်၊ ကျောင်းဖွင့်ချိန် ညတွေ ကျေးရွာလူထု ကျောင်းသူ ကျောင်းသားတွေ လူနေမှုနိမ့်ကျခြင်း၊ စီးပွားရေးနိမ့်ကျ ဗဟုသုတတွေ အသိပညာတွေ ဝင်ငွေတွေနဲ့ ထိုပြဿနာတွေ ဖြစ်ပေါ်နေသည်။ ထိုပြဿနာတွေ ပြေလည်စေရေးအတွက် ကိုယ်ထူကိုယ်ထအနေနှင့် ဆောင်ရွက်ရပါသည်။ နန်းတဲကျေးရွာအနီး ပတ်ဝန်းကျင်ရွာများတွင်လည်း ထိုပြဿနာများ ဖြစ်ပေါ်ကြပါသည်။ ထိုရွာများမှာလည်း ကိုယ်ထူကိုယ်ထ နှင့် ဆောင်ရွက်နေကြပါသည်။

မှတ်တမ်းပြုစုသူ
မအေးအေးမိုး

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏ လျှပ်စစ်မီးမရှိခြင်း ပြဿနာ ဖြေရှင်းနည်း


| | | |
|---|---|---|
| ရက်စွဲ | - | ၈-၆. ၂၀၁၅ |
| နေရာ | - | ရွာဦးဓမ္မာရုံ |
| စတင်ချိန် | - | နေ့လည် ၁း၀၀ နာရီ |
| ပြီးဆုံးချိန် | - | နေ့လည် ၂း၃၀ နာရီ |

နန်းတဲကျေးရွာတွင် ကျေးရွာလက်စွဲစာအုပ် ပြုလုပ်ရန် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။ လျှပ်စစ်မီးမရှိခြင်းပြဿနာကို ကျေးရွာလူထုနှင့် ပူးပေါင်းဆွေးနွေးခဲ့ကြပါသည်။ နန်းတဲကျေးရွာမှ ရွာသူရွာသားများသည် ပထမအနေနှင့် နိုင်ငံတော်သို့ လျှပ်စစ်မီးရရှိရန် တောင်းခံခဲ့ကြပါသည်။ ကျေးရွာလူထုမှလည်း ကိုယ်ထူကိုယ်ထ စနစ်ဖြင့် တစ်အိမ်ခြင်းငွေကို ကောက်ခံခဲ့ကြပါသည်။ ကောက်ခံရရှိသောငွေများကိုလည်း ဘဏ်တွင် စုငွေအဖြစ် ထားရှိပါသည်။ လျှပ်စစ်မီးရရှိရေးကော်မတီများ ဖွဲ့စည်း၍ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်လုပ်ကိုင်ခဲ့ကြပါသည်။ ကော်မတီဝင်များ ဖြစ်ကြသော ဥက္ကဋ္ဌ ဦးချစ်ကို၊ အတွင်းရေးမှူး ဦးညွန့်ဝေ ၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးတင်ငြိမ်း၊ ဦးစိန်မင်း အစရှိသော အဖွဲ့ဝင်များ လုပ်ကိုင်ဆောင်ရွက်ကြသည်။ NGO အဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့အလှူရှင်များနှင့်လည်း ချိတ်ဆက်အလုပ်လုပ်ကိုင်ကြပါသည်။ လျှပ်စစ်မီးပြဿနာ ဖြေရှင်းပြီးပါက လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ အဆင်ပြေနိုင်တယ်လို့လည်း ဆွေးနွေးပွဲသို့ တက်ရောက်လာသူ ဦးသန်းကျော် မှ ဆွေးနွေးခဲ့ပါသည်။

မှတ်တမ်းပြုစုသူ

ကိုနိုင်မျိုး

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုအုပ်စု၊ နန်းတဲကျေးရွာ၏ အနာဂါတ်မျှော်မှန်းချက်မြေပုံ



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏ အနာဂါတ်မျှော်မှန်းချက် အစီရင်ခံစာ

နန်းတဲကျေးရွာတွင် အိမ်ခြေပေါင်း (၁၅၆)အိမ် တည်ရှိသည်။ လျှပ်စစ်မီးလိုအပ်ချက်မှာ ကလေးများ စာကျက်ရာတွင်လည်းကောင်း ညအချိန်တွင် သွားလာရာတွင် အခက်အခဲများ တွေ့ရသည်။ မီးသာရခဲ့လျှင် ထိုအခက်အခဲများကို ပြေလည်သွားနိုင်သည်။ ရွာတွင် ကျောက်လမ်းမကောင်းသည့်အတွက် သဲများလျှံနေသည်ဆိုသောကြောင့် သွားလာရာ အခက်အခဲတွေ့သည် ကျောက်လမ်းရမယ်ဆိုရင် မြေမာလမ်းပေါ်သွားလာရသည့်အတွက် အချိန်ကြာခြင်း မရှိတော့ ပို၍ မြန်ဆန်ပါသည်။ စာကြည့်တိုက်တောင်းခံရာမှ ကျေးလက်တောသူတောင်သားတွေဆိုတော့ အသိပညာဗဟုသုတ နည်းပါးသဖြင့် စာကြည့်တိုက်သာရမယ်ဆိုရင် အသိပညာဗဟုသုတ နည်းပါးသဖြင့် စာကြည့်တိုက်သာရမယ်ဆိုရင် အသိပညာ ဗဟုသုတတွေ တိုးပွားလာနိုင်သည်။

ဆေးပေးခန်းတောင်းခံရာမှာ မြို့နဲ့အလှမ်းဝေးတော့ ဘယ်ကျန်းမာရေးနေနေ သွားလာရာအခက်အခဲတွေသည်။ ဆေးပေးခန်းသာရမယ်ဆိုရင် ဒီလိုပြဿနာတွေကို ဖြေရှင်းနိုင်မည်။ ထရန်စဖော်မာ တောင်းခံရာမှာလည်း အတူတူပါပဲ ချောင်းကူးတံတားတောင်းခံရာမှာလည်း ရွာ၏ပတ်ဝန်းကျင် ကျောင်းနေကလေးများ သွားလာခက်ခဲလှသည့်အတွက် တောင်းခံရသည်။ ကျန်းမာရေးအား တောင်းခံရာမှာလည်း မီးဖွားစဉ် မီးမဖွားနိုင်သည့်အခါ မြို့သို့ သွားရောက်ရသည့်အတွက် ခက်ခဲသောကြောင့် တောင်းခံအပ်ပါသည်။

စိုက်ပျိုးမြေများ ထွန်ယက်ရာတွင်လည်း ရွာပိုင်လည်း ထွန်စက်မရှိတော့ အခြားရွာတွေသွားရောက်ငှားရမ်းရသည့်အတွက် အချိန်ကြာနောက်ကျသည့်အတွက် တောင်းခံအပ်ပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
အနာဂါတ်မျှော်မှန်းချက် မှတ်တမ်း

| | | |
|---|---|---|
| ရက်စွဲ | - | ၈-၆. ၂၀၁၅ |
| နေရာ | - | ရွာဦးဓမ္မာရုံ |
| စတင်ချိန် | - | နေ့လည် ၃း၀၀ နာရီ |
| ပြီးဆုံးချိန် | - | နေ့လည် ၄း၃၀ နာရီ |

နန်းတဲကျေးရွာတွင် ဆွေးနွေးပွဲတက်ရောက်လာသူများမှာ အနာဂါတ်မျှော်မှန်းချက်ပြ မြေပုံကို ရေးဆွဲကြသည်။ ဦးမိုး သည် မြေပုံဆွဲရန် စာရွက်များယူဆောင်ပါသည်။ ဦးသန်းဇော်ဝင်း နှင့် ဦးစိန်မင်း တို့မှာ ဝိုင်းနေရာများနှင့် လမ်းနေရာများ ချမှတ်ကြသည်။ အိမ်တစ်အိမ်ချင်းစီ ထည့်သွင်းကြသည်။ ရွာတွင် ရွာချင်းဆက်လမ်းမှာ သဲများထူထပ်ပြီး မိုးရွာသောအခါမှာ လမ်းများမှာ ချိုင့်ခွက်များ ဖြစ်သောကြောင့် လမ်းများဆိုးရွားသောကြောင့် ရွာချင်းဆက်လမ်းများ ကောင်းမွန်ရန် လိုအပ်ပါသည်။ ရွာတွင်းကျောက်လမ်း များ သိရှိရန် လိုအပ်ကြောင်း ဦးအောင်မောင်း ကပြောခဲ့ပါသည်။ ရွာတွင် ကလေးများ အသိပညာ ဗဟုသုတ များ တိုးတက်လာရန်အတွက် စာကြည့်တိုက်များ လိုအပ်ကြောင်းကို ဦးအောင်မြင့် ကပြောခဲ့ပါသည်။ ညအချိန်မတော် ကလေးမီးဖွားခြင်း၊ အခြားကျန်းမာရေးများကြောင့် ဆေးပေးခန်းများ လိုအပ်သည်ဟု ဦးမောင်ငွေ ကတင်ပြခဲ့ပါသည်။ ရွာတွင် ကျောင်းသူ၊ ကျောင်းသားများမှာ စာကျက်ချိန်တွင် ဖယောင်းတိုင် မီးများဖြင့် စာကျက်ရသောကြောင့် အခက်အခဲများရှိသည့်အတွက် ထရန်စဖော်မာ နှင့် လျှပ်စစ်မီးတိုင်များ လိုအပ်ကြောင်း ဦးတင်ငြိမ်း ကတင်ပြခဲ့ပါသည်။ ရွာတွင် ကျန်းမာရေးအတွက် သွားလာအဆင်ပြေနိုင်ရန် လူမှုကူညီရေးကားလိုအပ်ကြောင်းကို ဦးစိန်မင်းက ပြောခဲ့ပါသည်။ ရွာတွင် ကိုယ်ပိုင်လယ်ထွန်စက်မရှိသည့် အတွက် အခြားရွာကို ငှားရခြင်းမှာ ခက်ခဲသဖြင့် ကျေးရွာပိုင် လယ်ထွန်စက် လိုအပ်ကြောင်း ဦးကုလား က တင်ပြခဲ့ပါသည်။ ရွာတွင် ရေကြီးမှုများနှင့် မိုးရွာသောအခါ ချောင်းရေများကျသဖြင့် ကျောင်းသူ ကျောင်းသားများနှင့် ရွာသူရွာသားများ သွားလာရ ခက်ခဲသဖြင့် ချောင်းကူးကွန်ကရစ်တံတားများ လိုအပ်ကြောင်း ဦးချစ်ကို ကတင်ပြခဲ့ပါသည်။ ရွာတွင် စိုက်ပျိုးရေးများတွက် ဆည်မြောင်းများ လိုအပ်ကြောင်း ဦးဇော်ဦး ကတင်ပြခဲ့ပါသည်။ ရွာတွင် စိုက်ပျိုးမြေများမှာ ရေသွင်းစိုက်ပျိုးရခြင်း မိုးရေနှင့် စိုက်ပျိုးရသည်ဟု ဦးထိန်ဝင်းက ပြောခဲ့ပါသည်။

မှတ်တမ်းပြုစုသူ
မနှင်းယုအောင်

CamScanner

## ပခုက္ကူမြို့နယ်၊ မကြီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲ့ကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဇယား

ရက်စွဲ၊ ၁၀. ၆. ၂၀၁၅

| စဉ် | ခုနှစ် | အကြောင်းအရာ | အကျိုးသက်ရောက်မှု | | အကျိုးပြု အိမ်ထောင်စု |
|---|---|---|---|---|---|
| | | | ကောင်းကျိုး | ဆိုးကျိုး | |
| ၁ | ၁၃၃၀ | ဆန်ရှားပါးခြင်း | နိုင်ငံတော်က ဆန်ထုတ်ပေးသည် | စီးပွားရေးချို့တဲ့ကြသည် | |
| ၂ | ၁၃၆၃ | အပူလွန်ကဲခြင်း | - | ၂ ရက်တည်းနဲ့ လူ ၇ ဦး ဦးနှောက်သွေးကြော ပြတ်၍ သေဆုံးကြရသည်။ | |
| ၃ | ၁၉၉၀ | မီးရထားလမ်းလုပ် သွားရခြင်း | - | ရောဂါများရခြင်း၊ ဒုက္ခရောက်ခြင်း ဒဏ်ရိုက်ခံရခြင်း | |
| ၄ | ၁၃၆၀ | ရွှေဒါးရွာမှ ကမ်းပြို၍ ရွာရွှေ့ကလာခြင်း | - | ယာမြေများဆုံးရှုံးခြင်း၊ ပြဿနာများဖြစ်ခြင်း | |
| ၅ | ၁၃၆၈ | မိုးစပါးများ စိုက်ခိုင်းခြင်း | - | မျိုးစေ့များ ဆုံးရှုံးခြင်း၊ ငွေကုန်ခြင်း၊ လုပ်ပင်ပန်းခြင်း | |
| ၆ | ၁၂၃၂ | ဘုန်းတော်ကြီးကျောင်း တည်ရှိလာခြင်း | သာသနာရေးများများ လုပ်လာနိုင်သည် လူအများ ယဥ်ကျေးမှု ရှိလာခြင်း | - | |
| ၇ | ၁၃၃၂ | စာသင်ကျောင်း တည်ရှိလာခြင်း | စာတွေတက်မြောက်လာခြင်း အဝေးသို့သွားမတတ်ရခြင်း | - | |

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏ ထူးခြားဖြစ်စဉ် အစီရင်ခံစာ

နန်းတဲကျေးရွာတွင် အိမ်ခြေပေါင်း (၁၅၆)အိမ် တည်ရှိသည်။ ၁၃၃၀ ခုနှစ်ကတည်းကပင် နန်းတဲကျေးရွာ၌ လူအများစုမှာ အခြေပင် ဆင်းရဲချို့တဲ့ပြီး ဝတ်မွတ်လာသကဲ့သို့ အစာရေစာရှားပါးပြီး အနေအထိုင်အသောပင် ကြပ်တည်းလာခဲ့ပါတယ်။ အဲသည်အတွက်ကြောင့် လူမှုရေး စီးပွားရေးအားလုံး ဟာ အဆင်မပြေဖြစ်နေလျှက်ပါ တောအရပ်ဒေသဖြစ်သည့်အတွက် ကိုယ်တောကိုယ်ရွာ လုပ်ငန်းကို လုပ်ကိုင် စားသောက်နေလိုင်ရပါတယ်။ ရပ်ရွာဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်း ဆိုသည်မှာ တစ်နေ့လုပ်စာ တစ်နေ့ ဝမ်းစာရေးအတွက် လုပ်ကိုင်ခဲ့ရသည်မို့ ကြီးပါးမှုတွေဆိုတာ ဖြစ်မလာနိုင်ခဲ့ပါဘူး ဆန်ရေစပါး ရှားပါးပြီး တစ်နေ့မှာ နိုင်ငံတော်က ထုတ်ဝေပေးသည့်အဆင့်ထိ ဖြစ်လာပါတယ်။ ဒါတွေအားလုံးရပ်ရွာရဲ့ အခါက အရာတွေပါ။

၁၃၆၃ ခုနှစ်ခြောက် ရောက်တဲ့အချိန်မှာ စီးပွားရေးတင်မက ရာသီဥတုပင် ဆိုးရွားလာခဲ့ပါတယ်။ နန်းတဲကျေးရွာသည် မကွေးတိုင်း၊ ပခုက္ကူမြို့နယ်ဖြစ်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသကြီးဖြစ်ပြီး အပူရှိန် ထအားကို ပြင်းပြနေပါတယ်၊ ရာသီဥတုတွေ ဘယ်လိုပင် ဆိုးဝါးစွာ ရှိနေခဲ့သော်လည်း ဆင်းရဲကြပ်တည်း မှုကြောင့် တစ်နေ့လုပ်စာ တစ်နေ့ဖြစ်သည့်အတွက် တောထဲမှာပင် အပူခံ အဆင်းရဲခံပြီး လုပ်ကိုင်နေရတာ ဖြစ်ပါသည်၊ တောလေ့အရ ဘယ်လောက်ပင် ပင်ပန်းဆင်းရဲခဲ့ပေမဲ့ ငွေကြေးချို့တဲ့ပြီး လုပ်ကိုင်မှုစရိတ်မှာ နည်းပါးသည် ဖြစ်ခဲ့ရသည့်အတွက် မိသားစုစားဝတ်နေရေးဟာ လုံးဝကိုအလင်းမမှိုဖြစ်နေခဲ့ရပါသည်။ အပူဒဏ်ပြင်းလွန်းသည့် တောထဲမှာပင် ဆက်လက်လုပ်ကိုင်ခဲ့ရသည် ဖြစ်နေသည့်အတွက် နောက်ဆုံးမှာပင် ရပ်ရွာလူလူတွေမှာ ကျန်းမာရေးတွေ ထိခိုက်ခံစားရပါသည်။ ကောင်းကင်ရဲ့ အပူဒဏ်တွင်မကဘဲ မြေပြင်ထိ သောက်လျှောက်ဆက်တိုက် ဖြစ်ပွားနေပြီး ရပ်ရွာပြည်သူအများစုမှာ ကျန်းမာရေးဆိုသည်ကို ထိခိုက်လာခဲ့ ပါသည်။ စီးပွားရေးအဆင်မပြေမှုများကြောင့် စားဝတ်နေရေး အဆင်မပြေဖြစ်နေသည့်ကြားမှ ကျန်းမာရေး ဆိုတာတွေပေါ် လာပြန်တော့ လူအများစုမှာ တစ်ခုပြီးတစ်ခု စိတ်ဆင်းရဲမှုဆိုတာတွေ ထပ်ထပ်ပြီး တွေ့လာခဲ့ရ ပြန်ပါသည်။ ဒါတွေအားလုံး ဆက်လက်ဖြစ်ပွားနေတော့ ဆေးကုသဖို့ဆိုတာ ဝေးပါရော- အစာဆိုတာတောင် မသေရုံပင် စားနေခဲ့ရသည်ဆိုတဲ့ အဖြစ်ဆိုးတွေပါ အဲသည်အတွက်ကြောင့် နောက်ဆုံးမှာတော့လည်း အစာရေစာငတ်မွတ်ခေါင်းပါးပြီး အသက်ပါဆုံးရှုံးလိုက်ရတော့သည်ဆိုတဲ့ အဖြစ်တွေ ထိပါး(၂)ရက်အတွင်း လူဦးရေ (၇)ယောက်ခြောက် ဦးနှောက်သွေးကြောပြတ်၍ သေဆုံးခဲ့ရပါသည်။

၁၉၉၀ ခုနှစ် အချိန်ရောက်ပြန်တော့ အစိုးရရဲ့ အမိန့်အရ အလုပ်အကိုင်တွေဆိုတာ ထပ်ပြီးပေါ် လာခဲ့ ပြန်ရပါတယ်။ မီးရထားလမ်း ကားလမ်း များကိုလည်း မနားမနေမပြီးမချင်း လုပ်ဆောင်ခဲ့ရပြန်ပါသည်။ လုပ်နိုင်သူများရှိလျှင် ကိုယ်တိုင်လိုက်လုပ်ရပြီး မိသားစု နည်းခဲ့လို့ မလိုက်နိုင်သူများအား ဒဏ်ငွေများထပ်ပြီး လုပ်ငန်းပြီးစီးအောင် လုပ်ဆောင်သွားခဲ့ပြီးပါပြီ။

၁၃၆၀ မှာ အုပ်စုကျေးရွာမှ အဖြစ်အပျက်များကြောင့် ပြဿနာတွေဆိုတာ ထပ်မံပေါ် ပေါက် လာပြန်ပါသည်။ ရွာတစ်ရွာဖြစ်တဲ့ တစ်ခြားကျေးရွာမှာ ကမ်းပြိုသည်ဆိုသည့်အတွက် ဘယ်သူ့ရဲ့ ခွင့်ပြုချက်မှ မရဘဲရွာဦးနေရာမှာလာပြီး နေထိုင်ခဲ့ကြပါသည်။ ရပ်ရွာအများစုမှာလည်း ဒါတွေကို မခံမရပ်နိုင်ဖြစ်ပြီး ပြန်လည်တုံ့ပြန်ပြောဆို ခဲ့ကြတော့ တစ်ရွာတစ်ရွာ ပြဿနာတွေဆိုတာ အမြဲကို ဖြစ်နေပါတယ်။ နောက်ဆုံးမှာ တော့ ဒီအကြောင်းအရာတွေ ဖြေရှင်းခဲ့တော့ တစ်ရွာတစ်ရွာ အားလုံး အဆင်ပြေလာရပြန်ပါတယ်။

၁၃၆၈ ခုနှစ်မှာ မိုးစပါးများကိုလည်း စိုက်ပျိုးခိုင်းခဲ့သည်။ ရပ်ရွာမှာ မိုးခေါင်ရေရှားပြီး စပါးစိုက် သည်ဆိုသည်မှာ လုံးဝကို မအောင်မြင်ခဲ့ပါသည်။ အဲသည်အတွက် စိုက်ပျိုးရေးအတွက်မှာ မအောင်မြင်

သည့်အပြင် မျိုးရေများဆုံးရှုံးခြင်း ငွေကုန်ခမ်းခြင်း၊ လူပင်ပန်းခြင်းဆိုတာတွေဘဲ ရှိခဲ့ပါတယ်။ အကြောင်းဆိုးများ တပ်ဆင့်တပ်ဆင့်ပြီး ပေါ်ပေါက်နေခဲ့ရသည့် ရပ်ရွာမှာ ဘာတွေမှ ထူးခြားအောင်မြင်မှု များရှိမလာဘဲ ဆိုးရွားစွာဖြင့် ရှေ့ဆက်နေထိုင်လုပ်ကိုင်စားသောက်ခဲ့ရခြင်း ဖြစ်ပါသည်။ အခါက အခိုးဝါးတွေ ပါ။

၁၂၉၂ ခုနှစ်တွင် လူအများပေါင်းစုပြီး ဘုန်းကြီးကျောင်းတစ်ကျောင်း ဆောက်လာပြီး ကောင်းကျိုး တစ်ခု ဖွံ့ဖြိုးခဲ့ပါသည်။ ဘာသာနာဆိုတာ ဖြစ်ထွန်းလာခဲ့သည့်အတွက် ဥပုသ်သီးတင်းဆောက်တည်ခြင်း လူအများ ယဉ်ကျေးမှု ရှိလာခြင်း တစ်စတစ်စတိုးတက်ခဲ့ရပြန်ပါသည်။ ရပ်ရွာဘုန်းတော်ကြီးမှာလည်း ကောင်းသောတရားများ ဟောကြားခဲ့ပြီး ရွာမှ အကြောင်းအရာများကိုလည်း ပြေလည်သည်ထက် ကောင်းမွန် လာအောင် ဖြစ်ထွန်းလာအောင် ဖြစ်မြောက်လာလေအောင် ရှေ့ဆောင်လမ်းညွှန်ပေးခဲ့ပါသည်။ ဘယ်လို အကြောင်းအရာတွေဘဲ ဖြစ်ဖြစ် ဘုန်းကြီးကျောင်းမှာ စုစည်း စည်းဝေးလုပ်ကိုင်ပေးခဲ့ပါတယ်။ ရှေ့ဆောင်ပြီး လုပ်ကိုင်နေတော့ ဘုရားတန်ဆောင်း ဆောက်သည်အထိ ပြီးစီးအောင်မြင်ခဲ့ပါသည်။

၁၉၉၂ ခုနှစ်မှာတော့လည်း ဖွံ့ဖြိုးမှုတွေ တိုးတက်မှုတွေရှိလာပြီး ဘာသာကျောင်းကို တောင်ထပ်ဆင့် တည်ဆောက်ဖွံ့ဖြိုးခဲ့ပါတယ်။ လူငယ်အများစုမှာ ပညာရေးဆိုတာတွေ ရှိလာတော့ အသိဉာဏ်တွေ ရှိခဲ့ရပြန် ပါသည်။ တစ်နှစ်ပြီးတစ်နှစ် ပညာရေးကို ရှေ့ဆက်ကြိုးစားခဲ့တော့ ပညာရှင်တွေဖြစ်ပြီး တိုးတက်ကြီးပွား သည့်အဖြစ်ကိုပါ ရောက်နိုင်သည်ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
ထူးခြားဖြစ်စဉ်ဇယား မှတ်တမ်း

| | | |
|---|---|---|
| ရက်စွဲ | - | ၁၀. ၆. ၂၀၁၅ |
| နေရာ | - | ရွာဦးဓမ္မာရုံ |
| စတင်ချိန် | - | နေ့လည် ၁း၀၀ နာရီ |
| ပြီးဆုံးချိန် | - | နေ့လည် ၂း၃၀ နာရီ |

နန်းတဲကျေးရွာတွင် အိမ်ခြေပေါင်း (၁၅၆)အိမ်ရှိပါသည်။ (၁၀. ၆. ၂၀၁၅)နေ့တွင် ထူးခြားဖြစ်စဉ် မှတ်တမ်းအတွက် တက်ရောက်လာသူများမှာ ဦးအောင်မောင်း၊ ဦးမိုး၊ ဦးသန်းကျော်၊ ဦးစိန်မင်း၊ ဦးမောင်ငွေ၊ ဦးအောင်မြင့်၊ ဦးသန်းဇော်ဝင်း၊ ဦးစန်းမြင့်ဦး၊ ဦးချစ်ကို၊ ဦးတင်မြင့်၊ ဦးကုလား၊ ဦးတင်ငြိမ်း၊ ဦးဇော်ဦး၊ ဦးထိန်ဝင်း၊ ဒေါ်ယဉ်ကြည်၊ မအေးမိုး၊ မရွှန်းလဲ့အောင်၊ မနှင်းယုအောင် တို့ တက်ရောက်ကြပါသည်။ ၁၃၃၀ ခုနှစ်မှာ ဆန်စပါးတွေ ရှားပါးခဲ့သည်ဟု ဦးအောင်မောင်း ကပြောခဲ့ပါသည်။ ကောင်းကျိုးများကတော့ သမအနေနဲ့ နိုင်ငံတော်က ဆန်များ ထုတ်ဝေပေးခဲ့ပါသည်။ ဆိုးကျိုးများမှာ စီးပွားရေးများ ချို့တဲ့ကြပါသည်။ ၁၃၆၃ ခုနှစ်တွင် အပူလွန်ကဲခဲ့ကြသည်ဟု ဦးမိုး ကပြောကြားခဲ့ပါသည်။ အပူလွန်ကဲခြင်း ဆိုးကျိုးများမှာ ၂ ရက်တည်းနှင့် လူ (၇)ဦး ဦးနှောက်သွေးကြောပြတ်၍ သေဆုံးကြရပါသည်။ ၁၉၉၀ ခုနှစ်တွင် မီးရထား လမ်းလုပ်သွားရသည်ဟု ဦးတင်မြင့် က ပြောခဲ့ပါသည်။ မီးရထားလမ်းလုပ်သွားရခြင်း၏ ဆိုးကျိုးများမှာ ရောဂါများ ရခဲ့ခြင်း ဒုက္ခများ ရောက်ခဲ့ခြင်း၊ ဒဏ်ရိုက်ခံရခြင်းများ ဖြစ်ခဲ့ပါသည်။ ၁၃၆၀ ခုနှစ်တွင် ရွှေဒါး ကျေးရွာမှ ကမ်းပြို၍ ရွှေ့လာရခြင်း ဆိုးကျိုးများမှာ ယာမြေများ ဆုံးရှုံးခဲ့ရသည်။ တစ်ရွာနှင့်တစ်ရွာ ပြဿနာများ ဖြစ်ခဲ့ရသည်။ ၁၃၆၈ ခုနှစ်တွင် မိုးစပါးများ စိုက်ခိုင်းခဲ့သည်ဟု ဦးအောင်မြင့် က ပြောကြား ခဲ့ပါသည်။ မိုးစပါး စိုက်ခိုင်းခြင်း၏ ဆိုးကျိုးများမှာ မျိုးစေ့များဆုံးရှုံးခဲ့ရပါသည်။ ငွေများကုန်ဆုံးခဲ့ရသည်။ လူများပင်ပန်းခဲ့ရပါသည်။ ၁၂၃၂ ခုနှစ်တွင် ဘုန်းတော်ကြီးကျောင်း ရှိလာခြင်း၏ ကောင်းကျိုးများမှာ ဘာသာသာသနာများ တိုးတက်လာခြင်း၊ ယဉ်ကျေးလိမ္မာခြင်းများ ရှိလာပါသည်။ ၁၃၃၂ ခုနှစ်တွင် စာသင်ကျောင်း တည်ရှိလာသည်ဟု ဦးစိန်မင်း ကပြောခဲ့ပါသည်။ စာသင်ကျောင်းတည်ရှိလာခြင်း၏ ကောင်းကျိုးများမှာ စာတွေတက်မြောက်လာခြင်း၊ စာမတတ်သူများ နည်းပါးလာရခြင်း၊ အဝေးကို သွားမတတ်ရခြင်းများ ဖြစ်ပါသည်။

မှတ်တမ်းပြုစုသူ
မနှင်းယုအောင်

ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏ လုပ်ငန်းဆောင်ရွက်နေမှု ဦးစားပေး အဆင့်သတ်မှတ်ခြင်း

နေ့စွဲ၊ ၁၁. ၆. ၂၀၁၅

| စဉ် | လိုအပ်ချက်ပြဿနာများ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ရမှတ် | ဦးစားပေး |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဆည်မြောင်း | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | - | ၉ |
| ၂ | လျှပ်စစ်မီး | | | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၈ | ၁ |
| ၃ | ချောင်းတံတား | | | | ၃ | ၃ | ၃ | ၃ | ၃ | ၃ | ၇ | ၂ |
| ၄ | ဆေးပေးခန်း | | | | | ၄ | ၄ | ၄ | ၄ | ၄ | ၆ | ၃ |
| ၅ | စာကြည့်တိုက် | | | | | | ၆ | ၇ | ၈ | ၉ | ၁ | ၇ |
| ၆ | ရွာချင်းဆက်လမ်း | | | | | | | ၇ | ၈ | ၆ | ၃ | ၆ |
| ၇ | ကျန်းမာရေးကား | | | | | | | | ၇ | ၇ | ၅ | ၄ |
| ၈ | ရွာလယ်လမ်း | | | | | | | | | ၈ | ၄ | ၅ |
| ၉ | လယ်ထွန်စက် | | | | | | | | | | ၁ | ၈ |

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
လိုအပ်ချက်အခြေအနေအဆင့်ခွဲ တင်ပြဖယား အစီရင်ခံစာ

နန်းတဲကျေးရွာတွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် မကျီးပင်ပုအုပ်စု၊ နန်းတဲကျေးရွာဖြစ်ပါသည်။ နန်းတဲကျေးရွာသည် အိမ်ခြေပေါင်း (၁၅၆)အိမ်ရှိပြီး လူဦးရေ (၈၀၀)ယောက်ဖြစ်ပါသည်။ ရွာ၏ တည်နေပုံသည် အရှေ့နောက် ပေ(၂၀၀၀)ရှည်ပြီး တောင်မြောက် (၁၅၀၀)ပေ ရှိပါသည်။ နန်းတဲကျေးရွာသည် ရှေးရွာဟောင်းဖြစ်၍ ရွာဝိုင်းဖြစ်ပါသည်။ ရွာ၏တောင်ဘက်တွင် ချောင်းရှိပါသည်။ နန်းတဲချောင်းသည် ရှင်မတောင် တောင်မှ အဖျားခံ၍ ဧရာဝတီမြစ်တွင်းသို့ စီးဆင်းဝင်ရောက်ပါသည်။ နန်းတဲချောင်း အကျယ်အဝန်းသည် ပေ(၁၅၀)ကျယ်ဝန်းပါသည်။

ရွာ၏အရှေ့ဘက်တွင် ဘုရားစေတီများနှင့် အခြေခံပညာမူလတန်းကျောင်း ရှိပါသည်။ ရွာ၏မြောက်ဘက်တွင် နန်းတဲရွာသစ်ရှိ၍ ပေ(၂၀၀၀)မျှ ဝေးပါသည်။ ရွာ၏အနောက်ဘက်တွင်တော့ လယ်ယာမြေကွက်များဖြင့် တည်ရှိနေပါသည်။

နန်းတဲကျေးရွာသည် အခြေခံအားဖြင့် အဓိကလိုအပ်ချက်သည် လျှပ်စစ်မီး ဖြစ်ပါသည်။ လျှပ်စစ်မီးသည် ဘာကြောင့် လိုအပ်သည်ကိုတော့ အထူးပြောဖွယ်မလိုပါ။ တောနှင့်မြို့ကွာဟချက်သည် လျှပ်စစ်မီးပင် ဖြစ်ပါသည်။ လျှပ်စစ်မီးရရှိမည်ဆိုပါက သဘာဝ ပတ်ဝန်းကျင်ဖြစ်သော သစ်တောတောင်များ ထင်းအဖြစ် အသုံးမပြုရတော့ဘဲ လျှပ်စစ်ဖြင့် လောင်စာသုံး၍ ချက်ပြုတ်စားသောက် နိုင်ပါသည်။

ယခု ကမ္ဘာကြီးပူနွေးမှုသည် သစ်တောပြုန်းတီးမှုကြောင့် အပါအဝင်ဖြစ်ပါသည်။ စက်မှုပစ္စည်းအသုံးအဆောင်များမှ ထွက်သောအာဗွန်ဒိုင်အောက်ဆိုက်များကို ယခုလိုအပ်သည်ဆိုသော မီးရရှိပါက ထင်းလောင်စာမသုံးရသည့်အတွက် သစ်ပင်များ မပြုန်းတီးတော့ပါ။ သစ်ပင်များ မပြုန်းတီးသည့်အတွက်ကြောင့် စက်ပစ္စည်းများမှထွက်သော ကာဗွန်ဒိုင်အောက်ဆိုက်ကို သစ်ပင်များ စုပ်ယူ၍ ကမ္ဘာ့မြေပူနွေးမှုကို တစ်ထောင့်တစ်နေရာမှ အကာအကွယ်ပေးပါသည်။

သဘာဝကပေးသော ဘေးအန္တရာယ်ကို အကာအကွယ်ပေးသည်ဆိုတာကို အားလုံးသိပြီးဖြစ်ပါသည်။ လျှပ်စစ်မီးကို အမှတ်စဉ်(၁)အဖြစ် ရွေးချယ်ရခြင်းသည် ကမ္ဘာကြီးပူနွေးမှုကို ထိန်းသိမ်းရာရောက်သလို ယခုခေတ်အသုံးအနှုန်းအားဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးဘက်များတွင်လည်း အဓိကနေရာမှ အကျိုးဝင် အကျိုးပြုနေပါသည်။

အဓိကအားဖြင့်တော့ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများသည် လျှပ်စစ်မီးရရှိသည့်အတွက် ပညာရေးဘက်တွင် အထွတ်အထိပ်ရောက်အောင် သင်ကြားကျက်မှတ်နိုင်မှာ ဖြစ်ပါသည်။ ယနေ့ကမ္ဘာ့နှင့် ရင်ဘောင်တန်းနိုင်အောင်ဆိုလျှင် ပညာတတ်မှသာလျှင် ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်မှာဖြစ်ပါသည်။ ယခင် မြန်မာနိုင်ငံထက် တိုးတက်ချမ်းသာသွားခြင်း၏ အဓိက အကြောင်းအရင်းမှာ ပညာတတ်များ ပညာရှိများ များပြားလာခြင်းကြောင့် ဖြစ်ပါသည်။ ဒါကြောင့် လျှပ်စစ်မီးသည် တိုးတက်သော နိုင်ငံတစ်ခုဖြစ်ဖို့အတွက် နန်းတဲကျေးရွာမှ အဓိကအမှတ်စဉ် (၁)ရွေးချယ်ထားသော လျှပ်စစ်မီးသည် အဓိကလိုအပ်၍ လိုအပ်ကြောင်း အစီရင်ခံ တင်ပြပါသည်။

အမှတ်(၂)နေရာထား၍ တင်ပြတောင်းဆိုထားသော ချောင်းတံတားသည် ဝါဆိုဝါခေါင်ရေကြီးခဲ့လျှင် ဧရာဝတီမြစ်ရေကြီးကြောင့် နန်းတဲချောင်း ရေဝင်ပါသဖြင့် ကျောင်းသားများ ပညာသင်ကြားရေးအားနှောင့်နှေးစေပါသည်။ အဘယ်ကြောင့်ဆိုသော် နန်းတဲကျေးရွာမှ အလယ်တန်းကျောင်းသား၊ အထက်တန်းကျောင်းသားကလေးများသည် နန်းတဲချောင်းတောင်ဘက် နန်းတဲချောင်းအား ကူးဖြတ်မှသာ မကျီးပင်ပုအထက်တန်းကျောင်းခွဲသို့ ရောက်ရှိမှာ ဖြစ်ပါသည်။ ထို့ကြောင့် နန်းတဲကျေးရွာမှ အမှတ်(၂)နေရာထား၍ တောင်းဆိုထားသော ချောင်းကူးတံတားသည် အရေးကြီးသည်။

ပညာရေးဘက်တွင်သာမကသေးပါ။ ချောင်းတဲ့တားသည် စီးပွားရေးဘက်တွင်လည်း အရေးကြီးပါသည်။ မိုးရေချောင်းကျ ရေဝတီမြစ်ရေကြီးစသည်အကြောင်းမှာ ပေါ်ပေါက်လာပါက စီးပွားရေးပါ ထိပါးစေပါသည်။

အမှတ်စဉ်(၃)အရ တောင်းဆိုထားသော ဆေးပေးခန်းသည် ကျန်းမာရေးရှုထောင့်မှကြည့်လျှင် ကမ္ဘာတွင် ပြောဆိုနေသော တိုးတက်သောနိုင်ငံဖြစ်ဖို့အတွက် ပညာရေး၊ ကျန်းမာရေးသည် အဓိက အရေးကြီးသည်။ နန်းတဲကျေးရွာသည် ဆေးပေးခန်း ဆေးရုံရောက်ရှိဖို့အတွက် နန်းတဲကျေးရွာမှ မိုင်ပေါင်း (၇)မိုင်လောက်သွားမှသာ ကျန်းမာရေး ဆေးခန်းဆေးရုံသို့ ရောက်ရှိမှာ ဖြစ်ပါသည်။ အကယ်၍ ကျန်းမာရေး အရေးကြီးပါက ကျန်းမာရေးကားများ သွားဖို့ရန် မရှိသလို ကျန်းမာရေးဆေးခန်းလည်း နန်းတဲကျေးရွာတွင် မရှိသည့်အတွက် မသေသင့်ပဲ သေကြရလို့ ကျန်းမာရေး ဗဟုသုတများလည်း အင်မတန် နည်းကြပါသည်။ ဒါကြောင့် ကျန်းမာရေး ဆေးပေးခန်းနှင့် ကျန်းမာရေး အသိပညာ ဗဟုသုတ ပေးနိုင်သော စာကြည့်တိုက်များလည်း လိုအပ်ပါသည်။

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏ လိုအပ်ချက်အဆင့် သတ်မှတ်ခြင်း မှတ်တမ်း

| | | |
|---|---|---|
| ရက်စွဲ | - | ၁၀. ၆. ၂၀၁၅ |
| နေရာ | - | ရွာဦးဇော်ရုံ |
| စတင်ချိန် | - | နေ့လည် ၁း၀၀ နာရီ |
| ပြီးဆုံးချိန် | - | နေ့လည် ၂း၃၀ နာရီ |

နန်းတဲကျေးရွာတွင် အိမ်ခြေပေါင်း (၁၅၆)အိမ်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် ဘုရား၊ စေတီ၊ စာသင်ကျောင်း၊ ဇရပ်ရှိပါသည်။ အနောက်ဘက်တွင် ဆေးပေါင်းရုံများရှိသည်။ တောင်ဘက်မှာ ရှည်လျားသော ချောင်းတစ်စင်းရှိသည်။ မြောက်ဘက်မှာ ကြည်ညိုဖွယ်ကောင်းသော ဘုန်းကြီးကျောင်း၊ နတ်စဉ်ရှိသည်။ ရွာ၏ လိုအပ်ချက်များအဆင့် သတ်မှတ်ရာတွင် ဆည်မြောင်းနှင့် လျှပ်စစ်မီးကို လျှပ်စစ်မီး လိုချင်သည်ဟု ဦးစိန်မင်းမှ ပြောကြားသည်။ ချောင်းတံတားနှင့် ဆေးပေးခန်း နှိုင်းယှဉ်ရာတွင် ချောင်းတံတား မှာ ပိုအရေးကြီးသည်ဟု ဦးအောင်မောင်း မှ ပြောကြားသည်။ ဆေးပေးခန်းနှင့် ကျန်းမာရေးကားကို ဆေးပေးခန်းမှာ အရေးကြီးသည်ဟု ဦးမိုး မှ ပြောကြားသည်။ ကျန်းမာရေးကားနှင့် ရွာလယ်လမ်းကို ကျန်းမာရေးကားမှာ အရေးကြီးသည်ဟု ဦးအောင်မြင့် မှ ပြောကြားသည်။ ရွာလယ်လမ်းနှင့် ရွာချင်းဆက်လမ်း ကို ရွာလယ်လမ်းမှာ ပိုအရေးကြီးသည်ဟု ဦးသန်းဇော်ဝင်းမှ ပြောကြားသည်။ ရွာချင်းဆက်လမ်းနှင့် တာကြည့်တိုက်ကို ရွာချင်းဆက်လမ်းက အရေးကြီးသည်ဟု ဦးမောင်ငွေ မှ ပြောကြားသည်။ တာကြည့်တိုက်နှင့် လယ်ထွန်စက်ကို တာကြည့်တိုက်မှာ အရေးပါသည်ဟု ဦးတင်ငြိမ်း မှ ပြောကြားသည်။ လယ်ထွန်စက်နှင့် ဆည်မြောင်းကို လယ်ထွန်စက်မှာ အရေးကြီးသည်ဟု ဦးချစ်ကို မှ ပြောကြားသည်။ ထို့နောက် ဆွေးနွေးပွဲကို အောင်မြင်စွာ ဆွေးနွေးပြီးဆုံးခဲ့သည်။

မှတ်တမ်းပြုစုသူ
ရွှန်းလဲအောင်

ပခုက္ကူမြို့နယ်၊ ကျောင်းပင်ပုအုပ်စု နန်းတဲကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ အခြေအနေတင်ပြချက်

| စဉ် | ဆောင်ရွက်လိုသည့် လုပ်ငန်းအမည် | ခန့်မှန်း ကုန်ကျစရိတ် (ကျပ်သိန်း) | လုပ်ငန်းဆောင်ရွက်ရန် ရံပုံငွေရရှိမှု (ကျပ်သိန်း) | | | | အကျိုးပြု အိမ်ထောင်စု | စီမံကိန်း လွှမ်းခြုံမည့် ကေ/ဦးရေ | ဦးစားပေး အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပြည်သူ့ ထည့်ဝင်မှု | နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် | နိုင်ငံခြား အကူအညီ အထောက်အပံ့ | စုစုပေါင်း | | | | |
| ၁ | ဆည်မြောင်း | | | | | | ၁၅၆ | | | |
| ၂ | အစိုးရလျှပ်စစ်မီး | ၆၀၀ သိန်း | ၁၀၀ သိန်း | ၅၀၀ သိန်း | | | ၁၅၆ | | | |
| ၃ | ချောင်းတံတား အရှည်(၁၅၀)ပေ အကျယ်(၃၀)ပေ | ၅၀၀ သိန်း | လုပ်အား | ၅၀၀ သိန်း | | | ၁၅၆ | | | |
| ၄ | ဆေးခန်း (၃×၂)ပင် | | | | | | ၁၅၆ | | | |
| ၅ | စာကြည့်တိုက် | | | | | | ၁၅၆ | | | |
| ၆ | ကျေးရွာချင်းဆက် မြေနီကျောက်ခင်းလမ်း (အရှည် ၂၀၀၀)ပေ အကျယ်(၁၅)ပေ | ၈၀ သိန်း | လုပ်အား | ၈၀ သိန်း | | ၈၀ သိန်း | ၁၅၆ | | | |
| ၇ | ကျန်းမာရေးကား | | | | | | ၁၅၆ | | | |
| ၈ | ရွာလယ်ကျောက်ခင်းလမ်း အရှည်(၂၀၀၀)ပေ အကျယ်(၁၅)ပေ | ၁၀၀ သိန်း | လုပ်အား | ၁၀၀ သိန်း | | ၁၀၀ သိန်း | ၁၅၆ | | | |
| | ကျေးရွာပိုင်ထွန်စက် (ဟော်လန်) | ၃၀၀ သိန်း | | ၃၀၀ သိန်း | | ၃၀၀ သိန်း | ၁၅၆ | | | |

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏
လိုအပ်ချက်အကောင်အထည်ဖော်ဇယား အစီရင်ခံစာ

နန်းတဲကျေးရွာတွင် အိမ်ခြေစုစုပေါင်း (၁၅၆)အိမ်ရှိသည်။ လူဦးရေမှာ (၈၀၀)ဦးရှိသည်။ အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်သည်။ စိုက်ပျိုးရေး လုပ်ကိုင်ရာတွင် မိုးခေါင်ရပ်ရွာဒေသ ဖြစ်သောကြောင့် အခက်အခဲများ တွေ့ရသည်။ ဤအခက်အခဲများကို ဖြေရှင်းနိုင်ရန် ဆည်မြောင်းများ ရှိမှသာ ဖြစ်ပါသည်။ ဆည်မြောင်းများကို ပြုလုပ်ရန် အုပ်စုအလိုက် ဆည်မြောင်းများ ပြုလုပ်ပေးလျှင် ဝမ်းသာရပါသည်။ အုပ်စုအလိုက် ပြုလုပ်လျှင်လည်း ငွေကြေးမတတ်နိုင်သဖြင့် လုပ်အားသာ တတ်နိုင်ပါသည်။ ဆည်မြောင်းမှာ ဘယ်လောက်ကုန်ကျမယ် ဆိုတာမသိပါ။ နည်းပညာများ မတတ်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ရွာမှာ ဆည်မြောင်းမှာ အလိုအပ်ဆုံးဖြစ်သည်။ ကျွန်မတို့ရွာ မိဘများသည် သားသမီးများ အရွယ်ရောက်လာသော အခါ အမိကျောင်းကြီးကို ပညာသင်များ စေလွှတ်ကြသည်။ ကျောင်းကပြန်လာသောအခါ ညအချိန်တွင် ဖယောင်းတိုင်မီးများဖြင့်သာ စာကျက်ရသည်။ မီးဘေးကို ကြောက်သောကြောင့် မိဘများမှာ သားသမီးများ စာကျက်ချိန်တွင် အနီးမှ စောင့်ကြည့်ရသည်။ ဖယောင်းတိုင်များဖြင့် အခက်အခဲရှိသောကြောင့် ကျွန်ုပ်တို့ရွာတွင် လျှပ်စစ်မီးများ လိုအပ်နေပါသည်။ လျှပ်စစ်မီးရရှိရေးအတွက် ငွေကြေးအရမ်းကုန်ကျပါသည်။ တစ်ရွာနှင့်တစ်ရွာ လမ်းပန်းဆက်သွယ်ရေးမှာလည်း ရွာ၏တောင်ဘက်တွင်ရှိသော ချောင်းကြီးမှာ ဆိုးရွားလှပါသည်။ ချောင်းလာလျှင် ကမ်းပါးများ ပြိုကျရပါသည်။ သို့ဖြစ်ပါသောကြောင့် ကျွန်မတို့ရွာရှိ ကျောင်းသားကျောင်းသူ များမှာ ကျောင်းတတ်ရာတွင် ချောင်းကိုကျော်မှ ရောက်ရပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲရသောကြောင့် ချောင်းတံတား လိုအပ်နေပါသည်။ ရေကျော်တံတား လုပ်ရာတွင် ချောင်းလာသောအခါ အတုန်မျှောကုန်ပါသည်။ သို့ဖြစ်သောကြောင့် တံတားတစ်ခု လိုအပ်နေပါသည်။

ကျန်းမာရေးအနေဖြင့် ကွမ်းယာနှင့် ပခုက္ကူမြို့သို့ သွားရောက်ကုသရပါသည်။ သွားရောကုသရာတွင် ကျန်းမာရေးကားနှင့် သွားရပါသည်။ အုပ်စုအလိုက် ဆေးပေးခန်းလိုအပ်နေပါသည်။ ဆေးပေးခန်း မရှိသောကြောင့် ကျန်းမာရေး အခက်အခဲများ ရှိနေပါသည်။ ရာသီအကူးအပြောင်းတွင် ကလေးလူကြီးများ ဖျားနာကြရပါသည်။

ပညာရေးအတွက် စာကြည့်တိုက်တစ်ခု လိုအပ်ပါသည်။ ရွာသူရွာသားများ ဗဟုသုတပြည့်စုံစေရန် စာကြည့်တိုက် လိုအပ်မည်ဖြစ်ပါသည်။ ကျေးရွာလေး၏ အပြင်လက္ခဏာမှာ သာယာလှပသော်လည်း ရွာ၏အလယ်တွင် ချိုင့်ဝှမ်းများနှင့် မြေဟာမညီညာလှပါ။ မိုးများရွာလျှင် ရွာလယ်လမ်းမှာ ချောင်းတစ်စင်း အသာရှိသည်။ ရွာလယ်လမ်းပြုပြင်ရေးမှာလည်း လုပ်အားဖြင့် ပြုလုပ်သည်။ သို့သော် ရွာလယ်လမ်းမှာ မိုးရွာလျှင် ပျက်စီးမြဲပျက်စီးနေသည်။ ထို့ကြောင့် ရွာလယ်လမ်းကို ပြုပြင်ချင်ပါသည်။ ရွာ၏စီးပွားရေးမှာ လယ်ယာမြေများ ထွန်ယက်စိုက်ပျိုးနိုင်ရန် လုပ်အားကိုသာ အသုံးပြုရသည်။ လုပ်အားဖြင့်လုပ်ရာတွင် လူများပင်ပန်းဆင်းရဲလှပါသည်။ နေပူလည်ခေါင်မှာ ချွေးစီးစီးကျအောင် လုပ်ရပါသည်။ စိုက်ပျိုးရေးမှာ ခက်ခဲလှသောကြောင့် စီးပွားရေးမှာ အဆင်မပြေလှပါသည်။ ထို့ကြောက် လက်မှုမှ စက်မှုသို့ ပြောင်းလဲချင်ပါသည်။ စက်များဖြင့် ထွန်ယက်နိုင်ရန် လယ်ထွန်စက်များ လိုအပ်ပါသည်။ လယ်ထွန်စက်၏ တန်ကြေးမှ အလွန်များပြားလှပါသည်။


ရွာ၏သွင်ပြင်မှာ နှစ်ခုကွဲပြားနေပါသည်။ ရွာသစ်နှင့် ရွာမဟူ၍ ဖြစ်ပါသည်။ ရွာနှစ်ခုကြားမှာ အလွန်ကို ဝေးကွာလှပါသည်။ ပေ(၂၀၀၀)လောက်ဝေးလှသည်။ တစ်ခုနှင့် တစ်ခု သွားရာတွင် တစ်ကွေ့တစ်ပတ် သွားလာနေရပါသည်။ အခက်အခဲများ ရှိလှပါသည်။ ရွာသစ်နှင့်ရွာမ တစ်ဖြောင့်တည်း သွားလာနိုင်ရန် ရွာချင်းဆက်လမ်း လိုအပ်ပါသည်။

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏ လိုအပ်ချက် မှတ်တမ်း

ရက်စွဲ - ၁၀. ၆. ၂၀၁၅
နေရာ - ရွာဦးဓမ္မာရုံ
စတင်ချိန် - နေ့လည် ၁း၀၀ နာရီ
ပြီးဆုံးချိန် - နေ့လည် ၂း၃၀ နာရီ

နန်းတဲကျေးရွာတွင် အိမ်ခြေပေါင်း (၁၅၆)အိမ်ရှိပါသည်။ ညအချိန်တွင် ကျောင်းသား ကျောင်းသားများ စာကျက်ချိန်တွင် ဖယောင်းတိုင်မီးများဖြင့် စာကျက်ရသောကြောင့် အခက်အခဲများရှိသည့်အတွက် အစိုးရလျှပ်စစ်မီးများလိုအပ်သည်ဟု ဦးစိန်မင်းမှ ပြောကြားပါသည်။ ဒီချောင်းကို တင်ပြရခြင်းမှာ ကျောင်းသူ ကျောင်းသားများ မိုးတွင်းတွင် သွားလာရာ ခက်ခဲလှသောကြောင့် ရွာအနီး ပတ်ဝန်းကျင်ကျေးရွာများတွင်လည်း ဒီချောင်းကို ကျော်ဖြတ်ရန် စီးပွားရေးအခက်အခဲတွေ့ရသည့်အတွက် ချောင်းတံတားကို ဦးမိုး မှ တင်ပြရခြင်းဖြစ်ပါသည်။ ညအချိန်မတော်တွင် ကလေးမီးဖွားခြင်း အခြားကျန်းမာရေးကြောင့် သွားလာရသည်မှာ ဝေးလံခေါင်ပါးခြင်း လမ်းပန်းဆက်သွယ်ရေးမကောင်းသည့်အတွက် ဆေးပေးခန်း လိုအပ်သည်ကို ဦးအောင်မြင့်မှ တင်ပြပါသည်။ ကလေးလူကြီးများ အသိပညာ ဗဟုသု ကျယ်ပြန့်စေရန် အတွက် စာကြည့်တိုက် လိုအပ်သည်ဟု ဦးမောင်ငွေမှ တင်ပြပါသည်။ မိုးတွင်းတွင် ရွာသစ်နှင့် ရွာမကူးရာတွင် သဲများနှင့် ပြည့်နှက်နေပါသဖြင့် သွားလာရာတွင် ခက်ခဲသောကြောင့် ကျေးရွာချင်းဆက် မြေနီကျောက်လမ်းကို ဦးသန်းဇော်ဝင်း မှ တင်ပြပါသည်။ ကျန်းမာရေးဖြစ်ပေါ်လာလျှင် ဆေးရုံသို့ သွားရာတွင် ကားလိုသည့်အခါ အခြားရွာသို့ သွားရောက်ခေါ်ရသည့်အတွက် အချိန်များနောက်ကျသည်၊ ထို့ကြောင့် ကျန်းမာရေးကားကို ဦးအောင်မောင်း မှ တင်ပြပါသည်။ ရွာလယ်လမ်းတွင် သဲများလျှံနေသည့် အတွက် သွားရာတွင် မကောင်းသည့်အတွက် အခက်အခဲများ ရင်ဆိုင်ရသောကြောင့် ရွာလယ်ကျောက်ခင်း လမ်းကို ဦးသန်းကျော် မှ တင်ပြပါသည်။ တစ်ခြားရွာမှ ထွန်စက်သွားငှားရာတွင် အချိန်ကြာ အခက်အခဲ တွေ့သည့်အတွက် ကျေးရွာပိုင်ထွန်စက် ဦးချစ်ကို မှ တင်ပြပါသည်။ ထို့နောက် ဆွေးနွေးမှုပြီးဆုံးခဲ့သည်၊

# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုအုပ်စု နန်းတဲကျေးရွာ၏ အမျိုးသား၊ အမျိုးသမီး နှိုင်းယှဉ်မှု ပင့်ကူအိမ်ဇယား



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏ အမျိုးသမီးအခြေအနေ သုံးသပ်ချက် အစီရင်ခံစာ

နန်းတဲကျေးရွာတွင် အိမ်ခြေစုစုပေါင်း (၁၅၆)အိမ်ရှိသည်။ အလုပ်အကိုင် အခွင့်အလမ်းမှာ မိန်းကလေးများမှာတော့ ဗာဂျီးနီးယားဆေးရွက်များကို ခူးလှမ်းသီတဲ့အလုပ်လုပ်ကြပါတယ်။ ယောကျာ်းလေးများကတော့ အရောင်းအဝယ်နှင့် ဗာဂျီးနီးယားကို ရေသွင်းဆေးရိုးတူး အလုပ်များသာ လုပ်ကိုင်ကြသည်။ ခေါင်းဆောင်မှု အခြေအနေပိုင်းမှာတော့ ယောကျာ်းများကသာ အိမ်ထောင်ဦးစီးဆိုတဲ့ သဘောအနေနဲ့ရော ခေါင်းဆောင်ပိုင်းမှာရော ပိုမိုဆောင်ရွက်မှုများသည် ဝင်ငွေရှာဖွေမှုအပိုင်းမှာတော့ အမျိုးသားတွေက အရောင်းအဝယ် ပွဲစားအလုပ်တွေနဲ့ဆိုတော့ အမျိုးသမီးများနဲ့ ကွာခြားမှုလေးတွေ ဖြစ်ရသည်။ အိမ်မှုကိစ္စလုပ်ငန်းအပေါ် ဆောင်ရွက်မှုပိုင်းမှာတော့ အမျိုးသမီးများကသာ ပို၍ စိတ်ဝင်စားသည့်အတွက် အမျိုးသမီးများက စိတ်ဝင်စားမှုနည်းသောကြောင့် ၉၀%၊ အမျိုးသမီးနဲ့ အမျိုးသား ၁၀%သာ ရှိတယ်လို့ သိတယ်၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုပိုင်းမှာတော့ ယောကျာ်းရှိတဲ့ပစ္စည်း မယားပိုင်ဆိုင်တယ် ဆိုတဲ့အတွက် အတူသုံးစွဲကြသည်။ ပညာရေးပိုင်းမှာတော့လည်း မိန်းကလေးနဲ့ ယောကျာ်းလေးဆိုပြီး ခွဲခြားမထားဘဲ အတူတူထားခဲ့တယ်၊ သို့သော်လည်း ပညာတတ်မြောက်မှုကတော့ မိန်းကလေးကပို၍ တတ်မြောက်သူပို၍များသည်။ ရပ်ရေးရွာရေးအတွက် ဆုံးဖြတ်ချက် ချနိုင်မှု ယောကျာ်းကလေးများသာ ရာခိုင်ပြည့်ဆုံးဖြတ်ကြသည်။

အရင်းအမြစ်ပေါ်လက်လှမ်းမှီသုံးစွဲနိုင်မှု ယောကျာ်းရှိတဲ့ ပစ္စည်းမိန်းမပိုင်ဆိုသလိုပဲ မြေယာပိုင်ဆိုင်မှု အရင်းအမြစ်များကို လက်လှမ်းမှီသလောက် အတူတူ သုံးစွဲကြပါသည်။ ပူးပေါင်းပါဝင်ဆောင်ရွက်မှုပိုင်း သဘောကုသိုလ်ရေး လမ်းပြင်အစစ အရာရာ ယောကျာ်း မိန်းမ လက်ရေးတစ်ပြေးညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။

CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ နန်းတဲကျေးရွာ၏ အမျိုးသမီးဆိုင်ရာ အခြေအနေ သုံးသပ်ချက် မှတ်တမ်း

ရက်စွဲ - ၁၀. ၆. ၂၀၁၅
နေရာ - ရွာဦးဓမ္မာရုံ
စတင်ချိန် - နေ့လည် ၁း၀၀ နာရီ
ပြီးဆုံးချိန် - နေ့လည် ၂း၃၀ နာရီ

နန်းတဲကျေးရွာတွင် အမျိုးသမီးအခြေအနေသုံးသပ်ချက်အရ ခေါင်းဆောင်မှုပိုင်းမှာတော့ ဦးမိုးကပြောပြပါတယ်။ အမျိုးသမီးများ ၄၅%နှုန်းလောက် အမျိုးသားပိုင်းမှာတော့ ၅၅%နှုန်း ခေါင်းဆောင်ခဲ့ပါတယ်။ အလုပ်အကိုင်ကိုတော့ အမျိုးသား ၉၀% နှုန်း၊ အမျိုးသမီးက ၁၀%နှုန်းထိသာ လုပ်ကိုင်ကြတယ်၊ လို့ ဦးအောင်မောင်း ပြောဆိုသုံးသပ်ပြတယ်၊ ဝင်ငွေရှာနိုင်မှုကိစ္စကိုလည်း ဦးတင်မြင့် က ဝေဖန်ပြောဆိုပါတယ်၊ အမျိုးသား ၉၀%နှုန်းနှင့် အမျိုးသမီး ၁၀% နှုန်းလောက်သာ ရှိပါတယ်။ အိမ်မှုကိစ္စပိုင်းမှာတော့ မအေးအေးမိုး ကပြောပါတယ်။ အမျိုးသား ၁၀%နှုန်းနှင့် အမျိုးသမီး ၉၀%လောက်ပဲ ရှိပါတယ်။ မရွှန်းရွှန်းလဲလွင် က ဝေဖန်ချက်ကလေးတော့ ပြောချင်ပါတယ်။ လုံခြုံမှုပိုင်းမှာတော့ အမျိုးသားက ၁၀% နှင့် အမျိုးသမီးက ၉၀%သာ ရှိပါတယ်။ မနှင်းယုအောင် ပြောဆိုခဲ့တာကတော့ ပညာတတ်မြောက်ရေးအတွက် တန်းတူရည်တူထားရှိပါတယ်။ အမျိုးသား ၅၀%နှင့် အမျိုးသမီး ၅၀% နှုန်းထားပါတယ်၊ သို့သော်လည်း ပညာထူးချွန်တတ်မြောက်ရေးပိုင်းမှာတော့ အမျိုးသား ၄၀%နှုန်း၊ အမျိုးသမီး ၆၀% ရှိပါတယ်လို့ ဒေါ်ရင်ကြည် ကပြောပါတယ်၊ ဦးသန်းကျော်၏ ဝေဖန်ချက်ကတော့ ပြောချင်ပါတယ်၊ ဆုံးဖြတ်ချက် ချနိုင်မှုပိုင်းမှာတော့ အမျိုးသား ၁၀၀%နှုန်း၊ အမျိုးသမီး ၀%သာ ဖြစ်ပါတယ်။ ပစ္စည်းသုံးစွဲခွင့် ပိုင်းမှာတော့ တန်းတူရည်တူ သုံးစွဲပါတယ်လို့ အမျိုးသား ၅၀%နှုန်း အမျိုးသမီး ၅၀%နှုန်း အတူပါကွယ်။ ပူးပေါင်းဆောင်ရွက်မှုကလည်း အမျိုးသား ၅၀%နှုန်း အမျိုးသမီး ၅၀%နှုန်း ရှိတယ်လို့ ဦးစန်းမြင့်ဦးက ပြောသွားပါတယ်။

မှတ်တမ်းပြုစုသူ
မအေးအေးမိုး

CamScanner